ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

The Government of the Union of Myanmar

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

The Ministry of Livestock Breeding and Fisheries

# တိရစ္ဆာန်ဆေးပညာကောင်စီနည်းဥပဒေများ

# The Veterinary Council Rules

အမိန့်ကြော်ငြာစာအမှတ်၊ ၆၁ /၉၇

ရန်ကုန်မြို့၊ ၁၃၅၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

Notification No. 61/ 97

The 4th Waning Day of Nattaw, 1359 M.E. Yangon

(18 December 1997)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**The Government of the Union of Myanmar**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန

**The Ministry of Livestock Breeding and Fisheries**

# တိရစ္ဆာန်ဆေးပညာကောင်စီနည်းဥပဒေများ

# The Veterinary Council Rules

အမိန့်ကြော်ငြာစာအမှတ်၊ ၆၁ /၉၇

ရန်ကုန်မြို့၊ ၁၃၅၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

**Notification No. 61/ 97**

**The 4th Waning Day of Nattaw, 1359 M.E. Yangon**

**(18 December 1997)**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | အခန်း(၁)<br>အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက် | ၁ |
| ၂။ | အခန်း(၂)<br>တိရစ္ဆာန်ဆေးပညာကောင်စီဝင် ရွေးကောက်တင်မြှောက်ခြင်း | ၃ |
| ၃။ | အခန်း(၃)<br>ကောင်စီဖွဲ့စည်းခြင်း | ၇ |
| ၄။ | အခန်း(၄)<br>ကောင်စီအစည်းအဝေးကျင်းပခြင်း | ၈ |
| ၅။ | အခန်း(၅)<br>ကောင်စီများ၊အဖွဲ့များ ဖွဲ့စည်းခြင်း | ၁၀ |
| ၆။ | အခန်း(၆)<br>မှတ်ပုံတင်ခြင်း | ၁၆ |
| ၇။ | အခန်း(၇)<br>ခွင့်ပြုလက်မှတ်လျှောက်ထားခြင်း၊ထုတ်ပေးခြင်း၊သက်တမ်းတိုးမြှင့်ခြင်း | ၂၀ |
| ၈။ | အခန်း(၈)<br>မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များ | ၂၄ |
| ၉။ | အခန်း(၉)<br>အရေးယူခြင်း | ၂၆ |
| ၁၀။ | အခန်း(၁၀)<br>အယူခံခြင်း | ၃၀ |
| ၁၁။ | အခန်း(၁၁)<br>ငွေကြေးဆိုင်ရာကိစ္စများ | ၃၁ |
| ၁၂။ | အခန်း(၁၂)<br>အထွေထွေ | ၃၁ |
| ၁၃။ | ပုံစံများ | |

# CONTENTS


| NO | PARTICULAR | PAGE |
|---|---|---|
| 1 | **Chapter I**<br>**Title and Definitions** | 1 |
| 2 | **Chapter II**<br>**Election of Veterinary Council Member** | 3 |
| 3 | **Chapter III**<br>**Formation of the Council** | 7 |
| 4 | **Chapter IV**<br>**Convening the Council Meeting** | 8 |
| 5 | **Chapter V**<br>**Formation of the Committees and the Bodies** | 10 |
| 6 | **Chapter VI**<br>**Registration** | 16 |
| 7 | **Chapter VII**<br>**Application, Issue and Extension of Permit** | 20 |
| 8 | **Chapter VIII**<br>**The Duties of the Registration Officer** | 24 |
| 9 | **Chapter IX**<br>**Taking of Action** | 26 |
| 10 | **Chapter X**<br>**Appeal** | 30 |
| 11 | **Chapter XI**<br>**Financial Matters** | 31 |
| 12 | **Chapter XII**<br>**Miscellaneous** | 31 |
| 13 | **Forms** | |

**ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ**

**မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန**

အမိန့်ကြော်ငြာစာအမှတ်၊ ၆၁/ ၉၇

ရန်ကုန်မြို့၊ ၁၃၅၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ မွေးမြူရေး နှင့် ရေလုပ်ငန်းဝန်ကြီးဌာနသည် တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

**အခန်း (၁)**

**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို **တိရစ္ဆာန်ဆေးပညာကောင်စီ နည်းဥပဒေများ** ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင် ပါရှိသော စကားရပ်များသည် တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေတွင် ပါရှိသည့်အတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်။ ထို့ပြင် အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက် ရောက်စေရမည်-

(က) **ဥပဒေ** ဆိုသည်မှာ တိရစ္ဆာန်ဆေးပညာကောင်စီ ဥပဒေကို ဆိုသည်။

(ခ) **မှတ်ပုံတင်ခြင်း** ဆိုသည်မှာ ဥပဒေအရ တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်စာရင်းတွင် အမည်စာရင်း ရေးသွင်းခြင်းကို ဆိုသည်။

**The Government of the Union of Myanmar**

**The Ministry of Livestock Breeding and Fisheries**

**Notification No. 61/ 97**

**The 4th Waning Day of Nattaw, 1359 M.E. Yangon**

**(18 December 1997)**

In exercise of the power conferred under subsection (a) of section 32 of the Veterinary Council Law, the Ministry of Livestock Breeding and Fisheries, the Government of the Union of Myanmar, hereby issues the following Rules with the approval of the Government.

## Chapter I

## Title and Definitions

1. These Rules shall be called the Veterinary Council Rules.

2. The expressions in these Rules shall have the meanings as given in the Veterinary Council Law. Additionally, the following expressions shall have the meanings given hereunder:

   (a) **Law** means the Veterinary Council Law;

   (b) **Registration** means the enrollment in the register of Veterinary Surgeon under the Law;

(ဂ) **ကောင်စီဝင်** ဆိုသည်မှာ ဥပဒေပုဒ်မ ၄ အရ တာဝန်ပေးအပ်ခြင်း၊ ရွေးကောက်တင်မြှောက်ခြင်း ခံရသည့် တိရစ္ဆာန်ဆေးကုဆရာဝန်ကို ဆိုသည်။

(ဃ) **မှတ်ပုံတင်အရာရှိ** ဆိုသည်မှာ ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(က)အရ ခန့်အပ်ထားသည့် တိရစ္ဆာန်ဆေးကုဆရာဝန်ကို ဆိုသည်။

(င) **မဲဆန္ဒရှင်** ဆိုသည်မှာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအရ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိပြီး ကောင်စီဝင် ရွေးကောက်တင်မြှောက်ပွဲအတွက် မဲဆန္ဒပေး ပိုင်ခွင့်ရှိသူကို ဆိုသည်။

(စ) **မှတ်ပုံတင်ထားသူ** ဆိုသည်မှာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအရ မှတ်ပုံတင်ခွင့်ရရှိထားသော တိရစ္ဆာန်ဆေးကုဆရာဝန်ကို ဆိုသည်။

(ဆ) **ခွင့်ပြုလက်မှတ်ရရှိသူ** ဆိုသည်မှာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအရ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ တစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်ခွင့် ရရှိသူကိုဆိုသည်။

(ဇ) **ဝန်ကြီး** ဆိုသည်မှာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဈ) **ဝန်ကြီးဌာန** ဆိုသည်မှာ မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာနကို ဆိုသည်။

(ည) **ဦးစီးဌာန** ဆိုသည်မှာ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနကို ဆိုသည်။

(ဋ) **ပုံစံ** ဆိုသည်မှာ ဤနည်းဥပဒေများတွင် ပူးတွဲပါရှိသည့် ပုံစံကို ဆိုသည်။

(c) **Council Member** means a Veterinary Surgeon who is assigned, elected under section 4 of the Law;

(d) **Registration Officer** means a Veterinary Surgeon appointed under subsection (a) of section 27 of the Law;

(e) **Voter** means a person who has been permitted registration as a Veterinary Surgeon and has the right to vote for the election of Council Member under the Law, Rules and Procedures;

(f) **Registrant** means a person who has been permitted registration as a Veterinary Surgeon under the Law, Rules and Procedures;

(g) **Permit Holder** means a person who has obtained permission to precise as Veterinary Auxiliary under the Law, Rules and Procedures;

(h) **Minister** means the Minister of the Ministry of Livestock Breeding and Fisheries;

(i) **Ministry** means the Ministry of Livestock Breeding and Fisheries;

(j) **Department** means the Livestock Breeding and Veterinary Department;

(k) **Form** means the Form attached to these Rules.

## အခန်း (၂)

## တိရစ္ဆာန်ဆေးပညာကောင်စီဝင် ရွေးကောက်တင်မြှောက်ခြင်း

၃။ (က) ပထမအကြိမ်ကောင်စီဝင် ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ကြီးကြပ်ဆောင်ရွက်ရန် ဝန်ကြီးဌာနသည် အောက်ပါအတိုင်း ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည်-

(၁) ဥက္ကဋ္ဌ ၁-ဦး

(၂) အဖွဲ့ဝင် ၁-ဦး

(၃) အတွင်းရေးမှူး ၁-ဦး

(ခ) ပထမအကြိမ် ကောင်စီဝင်ရွေးကောက်တင်မြှောက်ခြင်းမှအပ နောင်ပြုလုပ်သော ကောင်စီဝင်ရွေး ကောက်တင်မြှောက်ခြင်းများတွင် လက်ရှိကောင်စီက တာဝန်ပေးအပ်သော ကောင်စီဝင် ၁-ဦးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အခြားကောင်စီဝင် ၁-ဦးက အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မှတ်ပုံတင်အရာရှိက အတွင်းရေးမှူးအဖြစ်လည်းကောင်း ပါဝင်သည့် ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းတာဝန်ထမ်းဆောင်ရမည်။

(ဂ) နည်းဥပဒေခွဲ (ခ) အရ ကောင်စီဝင်ရွေးကောက်တင်မြှောက်ရေးအဖွဲ့ ဖွဲ့စည်းရာတွင် ရွေးကောက်တင်မြှောက်ခံရသည့် ကောင်စီဝင် ၁-ဦး ပါဝင် ရမည်။

၄။ ကောင်စီဝင် ရွေးကောက်တင်မြှောက်ခြင်းအတွက် ရွေးကောက်တင်မြှောက်ခြင်း ပြုလုပ်မည့် နေ့ရက်တွင် ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲငယ် (၃)နှင့် ဥပဒေပုဒ်မ ၁၈ တို့အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်း မခံရသော တိရစ္ဆာန်ဆေးကုဆရာဝန်အားလုံး မဲဆန္ဒ ပေးပိုင်ခွင့်ရှိသည်။

## Chapter II

## Election of Veterinary Council Member

3. (a) In order to supervise the first election of Council Member, the Ministry shall form and assign the Council Member Election Board as follows:

(i) Chairman 1–person

(ii) Member 1–person

(iii) Secretary 1–person

(b) For the subsequent elections of Council Member other than the first Council Member Election, the Council Member Election Board shall be formed with a Council Member as a Chairman, another Council Member as a Member, Registration Officer as a Secretary assigned by the current Council.

(c) One Council Member who is elected shall be included in the formation of Council Member Election Board under sub–rule (b).

4. On the day of the Council Member Election, all Veterinary Surgeons, who have not been imposed any administrative action under clause (2) and clause (3) of subsection (b) of section 17 and section 18 of the Law, are entitled to vote.

၅။ ကောင်စီဝင်ရွေးကောက်တင်မြှောက်ရေးအဖွဲ့သည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သော မဲဆန္ဒရှင်များ၏ အမည်စာရင်းကို ရွေးကောက်တင်မြှောက်ခြင်းမပြုမီ အနည်းဆုံးရက်ပေါင်း ၃ဝ ကြိုတင်၍ ပုံစံ (၁) ဖြင့် ပြုစုရမည်။

(ခ) ကောင်စီဝင် ရွေးကောက်တင်မြှောက်ပွဲကျင်းပမည့် အကြောင်းကို ရွေးကောက်တင်မြှောက်ခြင်း မပြုမီ အနည်းဆုံး ရက်ပေါင်း ၃ဝ ကြိုတင်၍ မဲဆန္ဒရှင်များ သိရှိရန် ဆောင်ရွက်ရမည်။

(ဂ) ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရန် ဆန္ဒရှိသော တိရစ္ဆာန်ဆေးကုဆရာဝန်များက အမည်စာရင်းတင်သွင်းနိုင်ရေးအတွက် အမည်စာရင်း တင်သွင်းလွှာပုံစံ (၂) ထုတ်ပေးမည့် နေရာ၊ နေ့ရက်၊ အချိန်နှင့် ပြန်လည် တင်သွင်းရမည့် နေရာ၊ နေ့ရက်၊ အချိန်တို့ကို သတ်မှတ် ကြေညာရမည်။

၆။ ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရန် ဆန္ဒရှိသော တိရစ္ဆာန် ဆေးကုဆရာဝန်သည် အောက်ပါအချက်များနှင့် ညီညွတ်ပါက အမည်စာရင်း တင်သွင်းလွှာပုံစံ (၂)တွင် ရေးသွင်း၍ ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးအဖွဲ့သို့ သတ်မှတ်ထားသော နေရာ၊ နေ့ရက်၊ အချိန်တွင် ကိုယ်တိုင်လက်မှတ်ရေးထိုးပြီး အဆိုပြုတင်သွင်းရမည်-

(က) နိုင်ငံသားဖြစ်ခြင်း၊

(ခ) ရွေးကောက်တင်မြှောက်ခြင်း ပြုလုပ်မည့်နေ့ရက်တွင် ဥပဒေပုဒ်မ ၁၁- ပါ သတ်မှတ်ထားသည့် ဘွဲ့ တစ်ခုခုကို အနည်းဆုံး လွန်ခဲ့သော ၁၅ နှစ်က ရရှိခဲ့သူ ဖြစ်ခြင်း၊

(ဂ) ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၂)၊ ပုဒ်မခွဲငယ် (၃) နှင့် ဥပဒေပုဒ်မ ၁၈ တို့အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်း မခံရသူဖြစ်ခြင်း။

5. The Council Member Election Board shall:

(a) prepare the list of eligible voters residing in the Union of Myanmar in Form (1) at least 30 days prior to the election;

(b) inform to the voters at least 30 days prior to the election that the election will be held;

(c) designate and announce the place, date, time of issuance and submission of the Nomination Form (2) for the nomination of the Veterinary Surgeons who are desirous of being elected as Council Member.

6. If a Veterinary Surgeon desirous of being elected as a Council Member meets the following requirements, he shall fill and sign on the Nomination Form (2) himself and submit it to the Council Member Election Board as the prescribed place, date and time:

(a) being a citizen of Myanmar;

(b) being a person who has obtained any degree as prescribed in section 11 of the Law at least 15 years ago on the day of election;

(c) being a person who has not been imposed any administrative action under clause (2) and clause (3) of subsection (b) of section 17 and section 18 of the Law.

၇။ ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေး အဖွဲ့သည်–

(က) အမည်စာရင်းတင်သွင်းလွှာ ပုံစံ (၂) ဖြင့် အဆိုပြုတင်သွင်းထားသော တိရစ္ဆာန်ဆေးကုဆရာဝန်များအား ကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် ရှိမရှိ စိစစ်ပြီး လက်ခံကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ် ပေးရမည်။

(ခ) နည်းဥပဒေခွဲ (က) အရ ဆုံးဖြတ်ချက်နှင့်အညီ သက်ဆိုင်ရာ ပုဂ္ဂိုလ်ထံ စာဖြင့် အကြောင်းကြားရမည်။

(ဂ) နည်းဥပဒေခွဲ (က) အရ ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသူများ၏ အမည်စာရင်း ကို မဲဆန္ဒပြုလွှာ ပုံစံ (၃) တွင် အက္ခရာအစဉ်အလိုက် ပြုစုရမည်။

၈။ ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးအဖွဲ့သည် မဲဆန္ဒပြုလွှာပုံစံ(၃)တွင် ဖော်ပြထားသော ကောင်စီဝင်လောင်းများ၏ ဦးရေမှာ–

(က) ရွေးကောက်တင်မြှောက်ရမည့် ကောင်စီဝင်ဦးရေနှင့်တူညီလျှင် မဲဆန္ဒရှင်များ၏ ဆန္ဒမဲကို ရယူရန်မလိုဘဲ တိရစ္ဆာန်ဆေးကုဆရာဝန်မှတ်ပုံတင်အမှတ်စဉ်အတိုင်း ကောင်စီဝင်အဖြစ် ရွေးချယ်ကြောင်းကို ကြေညာရမည်။ ထို့သို့ရွေးချယ်သည့် ကောင်စီဝင်များ၏ အမည်စာရင်းကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

(ခ) ရွေးကောက်တင်မြှောက်ရမည့် ကောင်စီဝင်ဦးရေထက် လျော့နည်းနေလျှင် အမည်စာရင်းတင်သွင်းပြီးသမျှ ကောင်စီဝင်လောင်းကို တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင် အမှတ်စဉ်အတိုင်း ကောင်စီဝင်အဖြစ် ရွေးချယ်ကြောင်းကြေညာပြီး ထပ်မံလိုအပ်သော ကောင်စီဝင်ဦးရေကို ရွေးကောက်တင်မြှောက်နိုင်ရန် အမည်စာရင်း တင်သွင်းလွှာပုံစံ (၂) ထုတ်ပေးခြင်းမှအစပြု၍ ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

7. The Council Member Election Board shall:

(a) scrutinize the Nomination Form (2) which have been submitted by the Veterinary Surgeons in order to decide whether they have the right to be elected as the Council Member or not, and make a decision on the acceptance or rejection;

(b) inform the person concerned in writing of the decision made under sub–rule (a);

(c) prepare the list of persons who are eligible to be elected according to sub–rule (a) in the ballot paper Form (3) in alphabetical order.

8. The Council Member Election Board shall:

(a) announce that the Council Member candidates have been selected as Council Members by the registration number of Veterinary Surgeon in order without obtaining the votes of the voters if the number of Council Member candidates included in ballot paper Form (3) is the same as the number of Council Members to be elected. The list of the elected Council Members shall be submitted to the Ministry;

(b) announce that the Council Member candidates who have submitted their nominations are elected as Council Members by the registration number of Veterinary Surgeon in order if the number of Council Member candidates included in ballot paper Form (3) is less than the number of Council Members to be elected, and proceed in accordance with the provisions of these rules from the beginning of the issuance of Nomination Form (2) in order to elect the required number of Council Members;

(ဂ) ရွေးကောက်တင်မြှောက်ရမည့် ကောင်စီဝင်ဦးရေထက် ပိုနေလျှင် မဲဆန္ဒရှင်များထံ မဲဆန္ဒပြုလွှာ ပုံစံ (၃)ကို အချိန်မီ ပေးပို့ရမည်။

၉။ မဲဆန္ဒရှင်များသည်–

(က) မဲဆန္ဒပြုလွှာ ပုံစံ (၃)တွင် သတ်မှတ်ချက်နှင့်အညီ မိမိထောက်ခံဆန္ဒပြုလိုသော သို့မဟုတ် ကန့်ကွက်ဆန္ဒပြုလိုသော ကောင်စီဝင်လောင်း၏အမည်နှင့် ယှဉ်တွဲ၍ ဆန္ဒပြုအမှတ်အသားများ ပြုရမည်။

(ခ) မိမိဆန္ဒပြု အမှတ်အသားပေးထားသော မဲဆန္ဒပြုလွှာပုံစံ (၃) တွင် ကိုယ်တိုင် လက်မှတ်ရေးထိုးရမည်။

(ဂ) လက်မှတ်ရေးထိုးပြီးသော မဲဆန္ဒပြုလွှာပုံစံ(၃)ကို စာအိတ်ဖြင့် ထည့်လျက် လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှမှတ်ပုံတင်ပြုလုပ်၍ဖြစ်စေ သတ်မှတ်ထားသော အချိန်အတွင်း ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးအဖွဲ့သို့ ပေးပို့ရမည်။

၁၀။ ကောင်စီဝင်ရွေးကောက် တင်မြှောက်ရေးအဖွဲ့သည်–

(က) မဲဆန္ဒရှင်များက သတ်မှတ်ချက်နှင့်အညီပေးပို့သော မဲဆန္ဒပြုလွှာပုံစံ(၃)များကိုသာ လက်ခံပြီး လက်မှတ်ရေးထိုးထားရမည်။ သတ်မှတ်ချက်နှင့်မညီသော မဲဆန္ဒပြုလွှာ ပုံစံ(၃)များကို “ပယ်ဖျက်သည်” ဆိုသည့်စကားရပ်ဖြင့် အမှတ်အသားပြု လက်မှတ် ရေးထိုးထားရမည်။

(ခ) လက်ခံရရှိသည့် မဲဆန္ဒပြုလွှာပုံစံ(၃)တွင် ဖော်ပြထားသော ကောင်စီဝင်လောင်း များ၏ ထောက်ခံဆန္ဒမဲများ ရေတွက်ပြီးသည့်အခါ ဆန္ဒမဲအရေအတွက်အလိုက် ထောက်ခံဆန္ဒမဲစာရင်းပုံစံ(၄)ကို ပြုစုရမည်။

(ဂ) ဆန္ဒမဲတူညီနေလျှင် ကောင်စီဝင်ရွေးကောက်တင်မြှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ က ဖြည့်စွက်မဲ တစ်မဲပေး၍ အနိုင်ပေး ဆုံးဖြတ်နိုင်သည်။

(c) send ballot paper Form (3) to the voters in time if the number of Council Member candidates included in ballot paper Form (3) is more than the number of Council Members to be elected.

9. The voters shall:

(a) mark their votes next to the names of candidates to vote for or against the candidates in accordance with the specifications in ballot paper Form (3);

(b) sign themselves on the marked ballot paper Form (3);

(c) put the signed ballot paper Form (3) in an envelope and send it to the Council Member Election Board within the specified time either in person or by registered post.

10. The Council Member Election Board shall:

(a) only accept and sign the ballot paper Form (3) sent by the voters in accordance with the specifications. The ballot paper Form (3) inconsistent with the specifications shall be marked and signed with the word cancelled;

(b) prepare assenting vote register Form (4) according to the number of votes when the assenting votes of the Council Member candidates, which are prescribed in ballot paper Form (3), have been counted;

(c) if the number of assenting votes is equal, the Chairman of the Council Member Election Board may give the casting vote;

(ဃ) ရွေးကောက်တင်မြှောက်ခံရသည့် ကောင်စီဝင်များ၏ အမည်စာရင်းကို ဆန္ဒမဲ အရေအတွက်အလိုက် ပြုစု၍ ချက်ချင်းကြေညာရမည်။

(င) နည်းဥပဒေခွဲ (ဃ)အရ ရွေးကောက်တင်မြှောက်ခံရသည့် ကောင်စီဝင်များ ၏ အမည်စာရင်းကို ဝန်ကြီးဌာနသို့ တင်ပြရမည်။

၁၁။ ကောင်စီဝင် ရွေးကောက်တင်မြှောက်ခြင်းနှင့်စပ်လျဉ်း၍ ပေါ်ပေါက်သော ပြဿနာ များကို ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးအဖွဲ့က ဆုံးဖြတ်ရမည်။ ယင်းဆုံးဖြတ်ချက် သည် အပြီးအပြတ် ဖြစ်စေရမည်။

၁၂။ (က) ကောင်စီဝင် ရွေးကောက်တင်မြှောက်ရေးအဖွဲ့သည် ကောင်စီဝင်ရွေးကောက် တင်မြှောက်ခြင်း ပြီးဆုံးသောအခါ မဲဆန္ဒပြုလွှာများ၊ ရွေးကောက်တင်မြှောက်ခြင်း နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုး ချိပ်တံဆိပ်ခတ်နှိပ်၍ ကောင်စီအတွင်းရေးမှူးထံ အပ်နှံရမည်။

(ခ) ကောင်စီအတွင်းရေးမှူးသည် နည်းဥပဒေခွဲ(က)အရအပ်နှံထားသော မဲဆန္ဒပြုလွှာ များနှင့် မလိုအပ်သော အခြားစာရွက်စာတမ်းများကို ၆-လ သိမ်းဆည်းထား ပြီးနောက် ဖျက်ဆီးပစ်နိုင်သည်။

## အခန်း(၃)

## ကောင်စီဖွဲ့စည်းခြင်း

၁၃။ ဝန်ကြီးသည်-

(က) ကောင်စီဝင်ရွေးကောက်တင်မြှောက်ခြင်း မပြုလုပ်မီ ဥပဒေပုဒ်မ ၄၊ ပုဒ်မခွဲ (က) အရ တိရစ္ဆာန်ဆေးကုဆရာဝန် ၁-ဦးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပုဒ်မခွဲ (ခ)အရ တိရစ္ဆာန်ဆေးကုဆရာဝန် ၆-ဦး အား အဖွဲ့ဝင်များအဖြစ်လည်းကောင်း တာဝန်ပေးအပ်ရမည်။

(d) prepare the list of elected Council Members according to the number of votes and immediately announce it;

(e) submit the list of elected Council Members under sub-rule (d) to the Ministry.

11. The Council Member Election Board shall decide any dispute arising from the election of Council Member. The decision of Council Member Election Board is final.

12. (a) The Council Member Election Board shall, upon the completion of the election of Council Member, seal the ballot papers and the documents relating to the election signed by all members and send them to the Council Secretary.

(b) the Secretary of the Council may destroy the ballot papers and unnecessary documents received under sub-rule (a) after keeping them for 6 months.

## Chapter III

## Formation of the Council

13. The Minister shall:

(a) assign one Veterinary Surgeon as the Chairman under subsection (a) of section 4 of the Law and six Veterinary Surgeons as the Council Member under subsection (b) of the same section before the election of Council Member;

(ခ) ဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ (က)အရ ဦးစီးဌာနမှ တိရစ္ဆာန်ဆေးကုဆရာဝန် ၁–ဦးအား မှတ်ပုံတင်အရာရှိအဖြစ် တာဝန်ပေးအပ်ရမည်။

(ဂ) ကောင်စီဝင်ရွေးကောက်တင်မြှောက်ခြင်း ပြုလုပ်ပြီးသည့်အခါ ဥပဒေပုဒ်မ ၄ အရ တိရစ္ဆာန်ဆေးပညာကောင်စီကို ဖွဲ့စည်းရမည်။

၁၄။ အစိုးရဝန်ထမ်းမဟုတ်သော ကောင်စီဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၁၅။ ကောင်စီအတွင်းရေးမှူးသည် တိရစ္ဆာန်ဆေးပညာကောင်စီဝင်များ၏ အမည်စာရင်းကို ပုံစံ (၅)ဖြင့် မှတ်တမ်းတင်ထားရမည်။

၁၆။ ကောင်စီသည်–

(က) ဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန်အလို့ငှာ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းထားသော အလုပ်အမှုဆောင်ကော်မတီအား တာဝန်ပေးအပ်နိုင်သည်။

(ခ) သက်တမ်းကုန်ဆုံးသည့်အခါ မိမိ၏လုပ်ငန်းတာဝန်များကို အသစ်ဖွဲ့စည်းပြီးသည့် ကောင်စီအား စနစ်တကျ လွှဲပြောင်းပေးရမည်။

## အခန်း(၄)

## ကောင်စီအစည်းအဝေးကျင်းပခြင်း

၁၇။ (က) ကောင်စီ၏ ပုံမှန်အစည်းအဝေးကို တစ်နှစ်လျှင် နှစ်ကြိမ်ကျင်းပရမည်။ လိုအပ်ပါက အထူးအစည်းအဝေး ကျင်းပနိုင်သည်။

(ခ) ကောင်စီအတွင်းရေးမှူးသည် အစည်းအဝေးကျင်းပမည့် အစီအစဉ်ကို ကောင်စီဝင် အသီးသီးထံ ကြိုတင် အကြောင်းကြားရမည်။

(b) assign one Veterinary Surgeon from the Department as the Registration Officer under subsection (a) of section 27 of the Law;

(c) form the Veterinary Council according to section 4 of the Law after the completion of the election of Council Member.

14. The Council Member who is not the civil servant is entitled to allowance prescribed by the Ministry.

15. The Secretary of the Council shall record the names of the Council Members in Form (5).

16. The Council:

(a) may assign the Executive Committee established under sub-rule (a) of Rule 20 in order to carry out the duties prescribed in the Law;

(b) shall systematically handover its duties to the new Council when its term expires.

## Chapter IV

## Convening the Council Meeting

17. (a) The regular meeting of the Council shall be convened twice in one year. The special meeting may be convened, if necessary.

(b) The Secretary of the Council shall notify every Council Member in advance of the meeting agenda.

(ဂ) ကောင်စီဝင်တစ်ဦးသည် အစည်းဝေးအစီအစဉ်၌ မပါရှိသော ကိစ္စတစ်ရပ်ရပ်ကို တင်သွင်းလိုလျှင် အကျိုးအကြောင်းဖော်ပြချက်နှင့်တကွ ထိုကိစ္စကို အစည်းအဝေး မကျင်းပမီ အနည်းဆုံး ၇-ရက် ကြိုတင်၍ ကောင်စီ အတွင်းရေးမှူးထံ ပေးပို့ရမည်။

၁၈။ ကောင်စီအတွင်းရေးမှူးသည်-

(က) အစည်းအဝေးအစီအစဉ်ကို ကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ရေးဆွဲရမည်။

(ခ) နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ (ဂ) အရ ကောင်စီဝင် တစ်ဦးဦးက တင်သွင်းသော ကိစ္စရှိလျှင် ကောင်စီဥက္ကဋ္ဌ၏ သဘောတူညီချက်ဖြင့် ထည့်သွင်းပြီး အစည်းအဝေး အစီအစဉ်ကို ပြန်လည်ရေးဆွဲရမည်။

(ဂ) အစည်းအဝေးမကျင်းပမီ အစည်းအဝေးအစီအစဉ်သစ်ကို ကောင်စီဝင်များထံ အချိန်မီ ကြိုတင်ပေးရမည်။

၁၉။ (က) ကောင်စီဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက် သည်။

(ခ) ကောင်စီဥက္ကဋ္ဌသည် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ အစည်းအဝေးသို့ ကောင်စီဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အခါ အစည်းအဝေး တက်ရောက်သည့် ကောင်စီဝင်အများစုက တာဝန်ပေးအပ်သော ကောင်စီဝင် တစ်ဦးသည် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဂ) ကောင်စီအတွင်းရေးမှူးသည် အစည်းအဝေးတွင် အခမ်းအနားမှူး အဖြစ်ဆောင် ရွက်ရမည်။

(c) If a Council Member desires to present a matter that is not included in the meeting agenda, the Member shall present such matter with the description of reason to the Secretary of the Council at least 7 days prior to the meeting.

18. The Secretary of the Council shall:

(a) prepare the meeting agenda with the approval of the Chairman of the Council;

(b) insert the matter in the agenda with the approval of the Chairman of the Council and prepare the new meeting agenda when there is a matter presented by a Council Member under sub–rule (c) of rule 17;

(c) provide the new meeting agenda to the Council Members in time prior to the meeting.

19. (a) The quorum is met if more than half of the Council Members are present.

(b) The Chairman of the Council shall act as the chairperson at the meeting. When the Chairman of the Council is unable to attend the meeting, a Council Member who is assigned by the majority of the Council Members attending the meeting shall act as the chairperson.

(c) The Secretary of the Council shall act as the master of ceremonies at the meeting.

(ဃ) အစည်းဝေးတွင် ကိစ္စတစ်ရပ်ရပ်ကို ဆုံးဖြတ်ရန်ရှိပါက ပြောင်မဲစနစ်ဖြင့်ဖြစ်စေ၊ လျှို့ဝှက်မဲစနစ်ဖြင့်ဖြစ်စေ အများသဘောတူညီချက်ဖြင့် ဆုံးဖြတ်ရမည်။

(င) ကောင်စီအတွင်းရေးမှူးသည် အစည်းအဝေးတက်ရောက်သူများ၊ ခွင့်ပန်သူများ၊ ပျက်ကွက်သူများနှင့် အစည်းအဝေး၌ ဆွေးနွေးချက်များ၊ ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ထားရမည်။

(စ) ကောင်စီအတွင်းရေးမှူးသည် အစည်းအဝေးမှတ်တမ်းကို ကောင်စီဝင်များအား ဖြန့်ဝေပြီး မိတ္တူကို ဦးစီးဌာနနှင့် ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

## **အခန်း (၅)**

## **ကော်မတီများ၊ အဖွဲ့များဖွဲ့စည်းခြင်း**

၂၀။ (က) ကောင်စီသည် မိမိ၏လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဍ)ပါ လုပ်ပိုင်ခွင့်အရ အလုပ်အမှုဆောင်ကော်မတီကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | |
|---|---|
| (၁) ကောင်စီဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| (၂) ကောင်စီဝင် ၃-ဦး | အဖွဲ့ဝင်များ |
| (၃) မှတ်ပုံတင်အရာရှိ | အတွင်းရေးမှူး |

(ခ) နည်းဥပဒေခွဲ (က)အရ ဖွဲ့စည်းသည့် အလုပ်အမှုဆောင်ကော်မတီ အဖွဲ့ဝင် ၃- ဦးတွင် ရွေးကောက်တင်မြှောက်ခံရသည့် ကောင်စီဝင်အနည်းဆုံး ၁-ဦး ပါဝင်ရမည်။

(ဂ) အလုပ်အမှုဆောင်ကော်မတီ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

(d) If there is any matter to be decided at the meeting, it shall be determined by consent of the majority of Council Members either by open vote or secrete vote.

(e) The Secretary of the Council shall record the attendees, persons on leave, absentees, and discussions and decisions at the meeting.

(f) The Secretary of the Council shall circulate the meeting minutes to the Council Members and send the copies to the Department and the Ministry.

## Chapter V

## Formation of the Committees and the Bodies

20. (a) The Council shall, in order to perform the duties of its under subsection (m) of section 10 of the Law, form the Executive Committee as follows:

| | | |
|---|---|---|
| (i) | Chairman of the Council | Chairman |
| (ii) | Three Council Members | Members |
| (iii) | Registration Officer | Secretary |

(b) The three members of the Executive Committee, formed under sub–rule (a), shall include at least one elected Council Member.

(c) The tenure of the Executive Committee is the same as the tenure of the Council.

၂၁။ (က) အလုပ်အမှုဆောင်ကော်မတီ၏ အစည်းအဝေးကို အနည်းဆုံး တစ်လတစ်ကြိမ် ကျင်းပ ရမည်။ လိုအပ်ပါက အထူးအစည်းအဝေးကို ကျင်းပနိုင်သည်။

(ခ) ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်တက်ရောက်လျှင် အစည်းအဝေး အထမြောက် သည်။

(ဂ) ကော်မတီဥက္ကဋ္ဌသည် အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။ ဥက္ကဋ္ဌ မတက်ရောက်နိုင်သည့်အခါ အစည်းအဝေး တက်ရောက်သည့် ကော်မတီဝင် များက တာဝန်ပေးအပ်သော ကော်မတီဝင် ၁-ဦး သည် သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ဃ) အစည်းအဝေးတက်ရောက်သော ကော်မတီဝင်ထက်ဝက်ကျော်က သဘောတူညီ မှသာ ဆုံးဖြတ်ချက်ချမှတ်ရမည်။

(င) ဆန္ဒမဲတူညီနေလျှင် အစည်းအဝေး သဘာပတိက မိမိနှစ်သက်ရာကို ဖြည့်စွက်မဲ တစ်မဲပေး၍ ဆုံးဖြတ်ချက် ချမှတ်နိုင်သည်။

(စ) အစည်းအဝေးမှတ်တမ်းကို နောက်တစ်ကြိမ် ကျင်းပသော အစည်းအဝေးတွင် တင်ပြ၍ အတည်ပြုချက် ရယူရမည်။

(ဆ) မိမိ၏ဆောင်ရွက်ချက် အစီရင်ခံစာကို ကောင်စီအစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၂၂။ အလုပ်အမှုဆောင်ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ် လျှောက်ထားလာသည့်ကိစ္စများ ကို ကြိုတင်စိစစ် ၍ ကောင်စီသို့ တင်ပြခြင်း၊

(ခ) တိရစ္ဆာန် ဆေးကုဆရာဝန်များ လိုက်နာရမည့် ကျင့်ဝတ်များကို သတ်မှတ်၍ ကောင်စီသို့ တင်ပြခြင်း၊

21. (a) The meeting of the Executive Committee shall be convened at least once a month. The special meeting may be convened, if necessary.

(b) The quorum is met if more than half of the Council Members are present.

(c) The Chairman of the Committee shall act as the chairperson at the meeting. When the Chairman is unable to attend the meeting a Committee Member who is assigned by the Committee Members attending the meeting shall act as the chairperson.

(d) The decision shall be made only if more than half of the Committee Members attending the meeting agree.

(e) If the vote is equal, the chairperson of the meeting may give the casting vote.

(f) The meeting minutes shall be reported to the upcoming meeting to obtain the approval.

(g) The Executive Committee shall submit its performance report to the meeting of the Council and obtain the approval of the Council.

22. The functions of the Executive Committee are as follows:

(a) scrutinizing in advance the matters on the application for registration certificate or permit, and submitting them to the Council;

(b) establishing the Code of Ethics to be adhered by the Veterinary Surgeons and submitting it to the Council;

(ဂ) ကျင့်ဝတ်ဖောက်ဖျက်သော တိရစ္ဆာန်ဆေးကုဆရာဝန်အား အရေးယူနိုင်ရန် ကောင်စီသို့ တင်ပြခြင်း၊

(ဃ) တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ တစ်ရပ်ရပ်ကို အသုံးချ လုပ်ကိုင်ခွင့် ရရှိသူများလိုက်နာရမည့် စည်းကမ်းများကို သတ်မှတ်၍ ကောင်စီသို့ တင်ပြခြင်း၊

(င) ကောင်စီက အခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၃။ ကောင်စီသည်-

(က) ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ (ခ)အရ ကောင်စီဝင် ၅-ဦးဖြင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းသည့်အခါ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့ကို သတ်မှတ် ပေးရမည်။

(ဂ) လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၂၄။ စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည်-

(က) စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အရေးယူသည့်ကိစ္စများကို အချိန်မီပြီးစီးရန် ဆောင်ရွက် ရမည်။

(ခ) မိမိ၏ဆောင်ရွက်ချက်အစီရင်ခံစာကို ကောင်စီသို့ တင်ပြရမည်။

(ဂ) ကောင်စီက အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကိုလည်း ဆောင်ရွက်ရမည်။

(c) reporting to the Council in order to take action against the Veterinary Surgeons who violates the code of ethics;

(d) setting the disciplines to be abided by the Veterinary Auxiliary and reporting to the Council;

(e) performing the duties assigned by the Council from time to time.

23. The Council:

(a) shall establish the Disciplinary Committee comprising 5 Council Members under subsection (b) of section 16;

(b) shall designate the Chairman and the Secretary when the committee is formed under sub–rule (a);

(c) may re – form the Disciplinary Committee, if necessary.

24. The Disciplinary Committee shall:

(a) complete the actions for investigation in time;

(b) submit its performance report to the Council;

(c) perform the duties assigned by the Council from time to time.

၂၅။ (က) ကောင်စီသည် တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာများ ခေတ်မီတိုးတက်မြင့်မားစေရန်နှင့် သုတေသနလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အလို့ငှာ တိရစ္ဆာန်ဆေးပညာနှင့်သုတေသနပြုရေးအဖွဲ့ကိုအောက်ပါအတိုင်း ဖွဲ့စည်းရမည်–

(၁) ကောင်စီဝင် ၁–ဦး — အဖွဲ့ခေါင်းဆောင်

(၂) တိရစ္ဆာန်ဆေးကု ဆရာဝန် ၂–ဦး — အဖွဲ့ဝင်များ

(ခ) လိုအပ်ပါက နည်းဥပဒေခွဲ(က)အရ ဖွဲ့စည်းသည့်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) တိရစ္ဆာန်ဆေးပညာနှင့် သုတေသနပြုရေးအဖွဲ့၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းနှင့်အညီ ဖြစ်သည်။

၂၆။ တိရစ္ဆာန်ဆေးပညာနှင့် သုတေသနပြုရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) တိရစ္ဆာန်ဆေးပညာ ခေတ်မီတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ရန် တိရစ္ဆာန်ဆေးပညာနှင့်စပ်လျဉ်းသည့် ကိစ္စများကို သုတေသနပြုခြင်း၊

(ခ) တိရစ္ဆာန်ဆေးပညာနှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ လုပ်ငန်းများကို စီမံချက်ရေးဆွဲပြီး ကောင်စီသို့ တင်ပြခြင်း၊

(ဂ) တိရစ္ဆာန်ဆေးပညာသင်ကြားရေးနှင့်စပ်လျဉ်း၍ လိုအပ်သည့် အကြံပြုချက်များကို ကောင်စီသို့ တင်ပြခြင်း၊

(ဃ) ပြည်တွင်းမှ အပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဒီပလိုမာများကို နိုင်ငံခြားတိုင်းပြည်များက အသိအမှတ်ပြုရေးအတွက် ကောင်စီသို့ တင်ပြခြင်း၊

25. (a) The Council shall form the Veterinary Science and Research Body comprising the following persons in order to modernize the veterinary science and to undertake research activities:

| | | |
|---|---|---|
| (i) | one Council member | Leader |
| (ii) | two Veterinary Surgeons | Members |

(b) The Group formed under sub–rule (a) may be re–formed, if necessary.

(c) The tenure of the Veterinary Science and Research Group is the same as the tenure of the Council.

26. The functions of the Veterinary Science and Research Group are as follows:

(a) conducting research on the matters relating to the veterinary science in order to perform for the modernization of veterinary science;

(b) communicating and coordinating with international organizations, regional organizations and non–governmental organizations in relation to the veterinary science, and submitting the plan of the activities to the Council;

(c) providing the necessary advice related to the veterinary science education to the council;

(d) presenting the facts to the Council on veterinary science degrees and diplomas conferred by the domestic university to be recognized by foreign countries;

(င) နိုင်ငံခြားတိုင်းပြည်များက အပ်နှင်းသော တိရစ္ဆာန်ဆေးပညာဘွဲ့နှင့် ဒီပလိုမာများကို အသိအမှတ်ပြုရေးဆိုင်ရာ ကိစ္စရပ်များကို ကောင်စီသို့ စိစစ်တင်ပြခြင်း၊

(စ) ကောင်စီကအခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၂၇။ တိရစ္ဆာန်ဆေးပညာနှင့် သုတေသနပြုရေးအဖွဲ့သည် မိမိ၏ဆောင်ရွက်ချက်အစီရင်ခံစာကို ကောင်စီသို့တင်ပြ၍ အတည်ပြုချက် ရယူရမည်။

၂၈။ (က) ကောင်စီသည် တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးလုပ်ငန်းများ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်ရန်အလို့ငှာ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ကောင်စီဝင် ၁-ဦး | အဖွဲ့ခေါင်းဆောင် |
| (၂) | တိရစ္ဆာန်ဆေးကုဆရာဝန် ၂-ဦး | အဖွဲ့ဝင်များ |

(ခ) လိုအပ်ပါက နည်းဥပဒေခွဲ (က)အရ ဖွဲ့စည်းသည့်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ သက်တမ်းသည် ကောင်စီသက်တမ်းနှင့်အညီ ဖြစ်သည်။

၂၉။ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးလုပ်ငန်းများကို တိုးတက်ဆောင်ရွက်နိုင်ရန် ကောင်စီသို့ အကြံပြု တင်ပြခြင်း၊

(e) scrutinizing and reporting to the council on the matters for recognition of veterinary science degrees and diplomas conferred by foreign countries;

(f) performing the duties assigned by the Council from time to time.

27. The Veterinary Science and Research Group shall submit to the Council its performance report and obtain the approval of the Council.

28. (a) The Council shall form the Livestock Breeding and Veterinary Development Body comprising the following persons in order to modernize the livestock breeding and veterinary services:

| | | |
|---|---|---|
| (i) | one Council Member | Leader |
| (ii) | two Veterinary Surgeons | Members |

(b) The Body, formed under sub–rule (a), may be re–formed, if necessary.

(c) The tenure of the Livestock Breeding and Veterinary Development Body is the same as the tenure of the Council.

29. The functions of the Livestock Breeding and Veterinary Development Body are as follows:

(a) providing necessary advice to the council for improvement of the livestock breeding and veterinary services;

(ခ) တိရစ္ဆာန်ကျန်းမာရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လိုအပ်သော အထောက်အကူပြုပစ္စည်းကိရိယာများရရှိရန် နည်းလမ်းများကို ကောင်စီသို့ တင်ပြခြင်း၊

(ဂ) ကောင်စီကအခါအားလျော်စွာပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃၀။ တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့သည် မိမိ၏ ဆောင်ရွက်ချက်အစီရင်ခံစာကို ကောင်စီသို့တင်ပြ၍ အတည်ပြုချက်ရယူရမည်။

၃၁။ ကောင်စီသည်–

(က) ပြည်နယ်၊ တိုင်း တိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်–

| | | |
|---|---|---|
| (၁) | ပြည်နယ်၊ တိုင်းဦးစီးဌာနအကြီးအကဲ | ဥက္ကဋ္ဌ |
| (၂) | တိရစ္ဆာန်ဆေးကုဆရာဝန်၂–ဦးမှ ၄–ဦး အထိ | အဖွဲ့ဝင်များ |
| (၃) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

(ခ) ယင်းအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးရမည်။

၃၂။ ပြည်နယ်၊ တိုင်းတိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

(က) သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းအတွင်းရှိ အစိုးရဝန်ထမ်းမဟုတ်သော တိရစ္ဆာန်ဆေးကုဆရာဝန် သို့မဟုတ် ခွင့်ပြုလက်မှတ်ရရှိသူများ၏ တိရစ္ဆာန်ဆေးပညာဆိုင်ရာ လုပ်ငန်းများအပေါ် ကြီးကြပ်ခြင်း၊

(ခ) တိရစ္ဆာန်ဆေးကုဆရာဝန်များ သို့မဟုတ် ခွင့်ပြုလက်မှတ်ရရှိသူများက စောင့်ထိန်းရမည့်ကျင့်ဝတ်များ၊ လိုက်နာရမည့်စည်းကမ်းများကို လိုက်နာခြင်း ရှိ–မရှိ ကြီးကြပ်ခြင်း၊

(b) presenting the means to the council to acquire the necessary equipment and materials in conducting the livestock breeding and veterinary services;

(c) performing the duties assigned by the Council from time to time.

30. The Livestock Breeding and Veterinary Development Body shall submit to the Council on its performance report and obtain the approval of the Council.

31. The Council shall:

(a) form the State, Region Veterinary Science Supervisory Body comprising the following persons:

| | | | |
|---|---|---|---|
| (i) | Head of State, Region Department | Chairperson |
| (ii) | 2 to 4 Veterinary Surgeons | Members |
| (iii) | person assigned by the Chairperson | Secretary |

(b) prescribe the duties and powers of such Body.

32. The duties of the State, Region Veterinary Science Supervisory Body are as follows:

(a) supervising the functions relating to veterinary science of the veterinary surgeons or permit holders who are not civil servants in the relevant State, Region;

(b) supervising whether the veterinary surgeons or permit holders comply with the Code of Ethics and rules to be adhered;

(ဂ) တိရစ္ဆာန်ဆေးပညာနှင့်စပ်လျဉ်း၍ လိုအပ်သည့်အကြံပြုချက်များကို ကောင်စီသို့ တင်ပြခြင်း၊

(ဃ) ကောင်စီ၊ အလုပ်အမှုဆောင်ကော်မတီက ပေးအပ်သည့် အခြားတာဝန်များ ဆောင်ရွက်ခြင်း။

## အခန်း (၆)

## မှတ်ပုံတင်ခြင်း

၃၃။ ဥပဒေပုဒ်မ ၁၁ အရ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ညီညွတ်သူသည် တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိရန် လျှောက်လွှာပုံစံ(၆)တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာဖော်ပြပြီး လိုအပ်သည့်အထောက်အထား စာရွက်စာတမ်းများ ပူးတွဲ၍ ကောင်စီသို့ လျှောက်ထားရမည်။

၃၄။ ကောင်စီသည်-

(က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ပေးရန် လျှောက်လွှာပုံစံ (၆) ပါ အချက်အလက်များ ပြည့်စုံမှန်ကန်စွာဖော်ပြထားခြင်း ရှိ-မရှိ၊ ပူးတွဲ တင်ပြရမည့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ-မရှိ စိစစ်ရမည်။

(ခ) မှတ်ပုံတင်ပေးရန် လျှောက်လွှာပါ အချက်အလက်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် အထောက်အထားများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းမှ တောင်းခံနိုင်သည်။

(ဂ) သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းမှ လိုအပ်သော အထောက်အထားများ ရယူတင်ပြရန် လျှောက်ထားသူအား ညွှန်ကြားနိုင်သည်။

(ဃ) မှတ်ပုံတင်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ် ပေးရမည်။

(c) providing the necessary advice relating to the veterinary science to the Council;

(d) performing other duties assigned by the Council and the Executive Committee.

## Chapter VI

## Registration

33. A person who meets the qualifications specified in section 11 of the Law shall fill the information completely and correctly in the application form (6) and apply to the Council for the registration as a Veterinary Surgeon with the necessary documentations.

34. The Council:

(a) shall scrutinize whether the information is completely and correctly described in the Application Form (6) and whether the attached documents are complete and correct in order to register as a Veterinary Surgeon;

(b) may request the necessary documents from the relevant government department or organization relating to the information described in the Application Form for the registration;

(c) may direct the applicant to obtain and submit the necessary documents from the relevant government department or organization;

(d) shall decide whether to grant or reject the registration.

၃၅။ မှတ်ပုံတင်အရာရှိသည်-

(က) နည်းဥပဒေ ၃၄၊ နည်းဥပဒေခွဲ(ဃ) အရ ကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ သက်ဆိုင်ရာ လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

(ခ) မှတ်ပုံတင်ပေးရန် ခွင့်ပြုချက်ရရှိသူထံမှ မှတ်ပုံတင်ကြေးလက်ခံရရှိလျှင် တိရစ္ဆာန်ဆေးကုဆရာဝန်မှတ်ပုံတင် စာရင်းပုံစံ(၇)တွင် အမှတ်စဉ်ရှေ့၌ "တဆမ" ဟု ဖော်ပြပြီး မှတ်ပုံတင်ရမည်။

(ဂ) တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်စာရင်းပုံစံ (၇) တွင် စာမျက်နှာအသီးသီး၌ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးရမည်။

(ဃ) တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ် ပုံစံ (၈)ကို ကောင်စီ ဥက္ကဋ္ဌနှင့် မိမိတို့က လက်မှတ်ရေးထိုးပြီး သက်ဆိုင်ရာလျှောက်ထားသူအား ထုတ်ပေးရမည်။

၃၆။ ကောင်စီသည် သက်ဆိုင်ရာ လျှောက်ထားသူအား အောက်ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင် မှတ်ပုံတင်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ငြင်းပယ်နိုင်သည်-

(က) မမှန်မကန် အချက်အလက်များ ဖော်ပြလျှောက်ထားခြင်း၊

(ခ) တိရစ္ဆာန်ဆေးပညာဆိုင်ရာ လုပ်ငန်းနှင့်စပ်လျဉ်း၍သတ်မှတ်ထားသော ကျင့်ဝတ်များကို မစောင့်ထိန်းကြောင်း သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း ခိုင်လုံသည့် အထောက်အထား တွေ့ရှိခြင်း၊

(ဂ) ကိုယ်အင်္ဂါချွတ်ယွင်းခြင်းကြောင့်ဖြစ်စေ၊အခြားရောဂါဝေဒနာစွဲကပ်ခြင်းကြောင့် ဖြစ်စေ တိရစ္ဆာန်ဆေးပညာကို မှန်ကန်စွာအသုံးချနိုင်မှု အခြေအနေမရှိခြင်း၊

35. The Registration Officer shall:

(a) inform the relevant applicant in writing of the decision of the Council under sub–rule (d) of rule 34;

(b) register by describing “TaSaMa” infront of the number in the Veterinary Surgeon Register Form (7) if the registration fee is received from the person permitted to register;

(c) sign on each page to certify in the Veterinary Surgeon Register Form (7);

(d) issue the Veterinary Surgeon registration certificate Form (8) signed by the Chairman of the Council and the Registrar to the relevant applicant.

36. The Council may reject the registration for a certain period or permanently if the Council finds that the relevant applicant:

(a) applies for registration by providing incorrect information;

(b) does not comply with the prescribed code of ethics or violates any stipulation in relation with the function of veterinary science;

(c) is unable to duly apply veterinary science due to physical disability or other infection of diseases;

(ဃ) မူးယစ်ဆေးဝါး သုံးစွဲသူဖြစ်ခြင်း၊

(င) အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည်ဟု ဤကိစ္စအလို့ငှာ ကောင်စီက သတ်မှတ်ကြေညာသည့် ပြစ်မှုတစ်ရပ်ရပ်ဖြင့် တရားရုံး၏ ပြစ်မှုထင်ရှား စီရင်ခံရခြင်း။

၃၇။ (က) တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ငြင်းပယ်ခြင်းခံရသူသည် ယင်းကာလ ကုန်ဆုံးသည့်အခါ တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ရရှိရန် ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်နှင့် ညီညွတ်ပါက တိရစ္ဆာန်ဆေးကုဆရာဝန်အဖြစ် မှတ်ပုံတင်ခွင့်ပြုရမည်။

၃၈။ မှတ်ပုံတင်ထားသူသည် မိမိ၏အမည်နှင့်ယှဉ်တွဲလျက် "ဒေါက်တာ" သို့မဟုတ် "တိရစ္ဆာန်ဆေးကုဆရာဝန်" ဟု ရေးသားဖော်ပြနိုင်သည်။

၃၉။ မှတ်ပုံတင်ထားသူသည် ကောင်စီက ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

၄၀။ မှတ်ပုံတင်လက်မှတ် သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ ၃-နှစ် ဖြစ်သည်။

၄၁။ မှတ်ပုံတင်ထားသူသည်-

(က) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန်၊ သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ လျှောက်လွှာပုံစံ (၉)တွင် ပြည့်စုံမှန်ကန်စွာဖော်ပြပြီး ကောင်စီသို့ လျှောက်ထားရမည်။

(ခ) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီက ခွင့်ပြုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းရမည်။

(d) is a narcotic drug user; or

(e) has been convicted by a Court for an offence that is determined by the Council as amounting to misconduct for this matter.

37. (a) The person who is rejected to register as a Veterinary Surgeon for a certain period, may reapply to the Council for the registration as a Veterinary Surgeon when such period expires afterwards.

(b) The Council shall allow the registration as a Veterinary Surgeon after scrutinizing the application made under sub-rule (a), and if such application is consistent with the stipulations.

38. The registrant may write “Doctor” or “Veterinary Surgeon” next to his or her name.

39. The registrant shall abide by the orders and directives issued by the Council.

40. The term of the registration certificate shall be 3 years from the issued date.

41. The registrant shall:

(a) apply for the renewal of the registration certificate 60 days prior to the expiry of the term by providing the application form (9) being filled correctly to the Council;

(b) shall pay the fee for the renewal of the registration certificate if the Council allows the renewal of the registration certificate;

(ဂ) မှတ်ပုံတင်လက်မှတ်သက်တမ်း ကုန်ဆုံးပြီးမှ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလျှင် ဒဏ်ကြေးကိုလည်း သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ပေးသွင်း ရမည်။

၄၂။ မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ လက်ခံရရှိလျှင် မှတ်ပုံတင်လက်မှတ် ပုံစံ (၈) တွင် လက်မှတ်ရေးထိုးပြီး သက်တမ်းတိုးမြှင့်ပေးရမည်။

၄၃။ ကောင်စီသည် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ရာတွင် နည်းဥပဒေ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ငြင်းပယ်နိုင်သည်။

၄၄။ (က) မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ငြင်းပယ်ခြင်းခံရသူသည် ယင်းကာလ ကုန်ဆုံးသည့်အခါ မှတ်ပုံတင် လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီသို့ ပြန်လည် လျှောက်ထား နိုင်သည်။

(ခ) ကောင်စီသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက် နှင့် ညီညွတ်ပါက မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုရမည်။

၄၅။ မှတ်ပုံတင်ကြေး၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခ နှင့် ဒဏ်ကြေးတို့သည် ကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

(c) shall pay the fine in the prescribed manner if the application for the renewal of the registration certificate is made after the expiry of the term of the registration certificate.

42. If the Registration Officer receives the fee for the renewal of the registration certificate, the Registration Officer shall sign on the registration certificate Form (8) and renew of registration certificate.

43. The Council may the renewal of the registration certificate for a certain period or permanently if the Council finds that there is any violation of stipulations as prescribed in rule 36 when the application for the renewal of the registration certificate is scrutinized.

44. (a) The person whose application for renewal of the registration certificate is rejected for a certain period, may reapply to the Council for the renewal of the registration certificate after such restricted period expires.

(b) The Council shall permit the renewal of the registration certificate after scrutinizing the application made under sub–rule (a), and if such application is consistent with the stipulations.

45. The fee for registration, fee for the renewal of the registration certificate and fine shall be paid as prescribed by the Council.

၄၆။ (က) မှတ်ပုံတင်ထားသူသည် မှတ်ပုံတင်ပြီးနောက်မှရရှိသော တိရစ္ဆာန်ဆေးပညာဆိုင်ရာ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ၊ အောင်လက်မှတ်၊ အသိအမှတ်ပြုလွှာများကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပေးရန် သက်ဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများနှင့်အတူ ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ကောင်စီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်၍ အသိအမှတ်ပြုရန်နှင့် မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းပေးရန် သင့် မသင့် ဆုံးဖြတ်ပြီး လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

၄၇။ မှတ်ပုံတင်အရာရှိသည် နှစ်စဉ် ဇန်နဝါရီလအတွင်း ယခင်နှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့အထိ မှတ်ပုံတင်ခွင့်ပြုပြီးသော တိရစ္ဆာန်ဆေးကုဆရာဝန်များ၏စာရင်းနှင့် ခွင့်ပြုလက်မှတ်ထုတ်ပေးသူများ၏ စာရင်းကို ပြုစုထားရှိရမည်။

## အခန်း (၇)

## ခွင့်ပြုလက်မှတ်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်း

၄၈။ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်လိုသူသည် အောက်ပါအရည်အချင်းများနှင့် ညီညွတ်ရမည်-

(က) နိုင်ငံသားဖြစ်ခြင်း၊

(ခ) ဥပဒေပုဒ်မ ၁၁ ပါ သတ်မှတ်ထားသည့် ဘွဲ့တစ်ခုခု မရရှိသော်လည်း ပြည်တွင်း ပြည်ပမှ ပေးအပ်ပြီး ကောင်စီက အသိအမှတ်ပြုထားသည့် တိရစ္ဆာန်ဆေးပညာဆိုင်ရာ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ် ရရှိသူဖြစ်ခြင်း။

၄၉။ နည်းဥပဒေ ၄၈ အရ သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ညီညွတ်သူသည် ခွင့်ပြုလက်မှတ်ရရှိရန် လျှောက်လွှာပုံစံ(၁၀)တွင် အချက်အလက်များကို ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး လိုအပ်သည့်အထောက်အထား စာရွက်စာတမ်းများပူးတွဲ၍ ကောင်စီသို့ လျှောက်ထားရမည်။

46. (a) The registrant shall apply to the Council with the relevant documents to be registered in order to record Degree, Diploma, Certificate, and Acknowledgement of veterinary science which are obtained after the registration.

(b) The Council shall decide whether the application is to be recognized and registered after scrutinizing the application made under sub-rule (a), and shall notify the registrant in writing of the decision.

47. In January of each year, the Registration Officer shall prepare the lists of veterinary surgeons and permit holders who have been allowed to register up to December 31st of the previous year.

## Chapter VII

## Application, Issue and Extension of Permit

48. A person who wants to practice as Veterinary Auxiliary shall meet the following qualifications:

(a) being a citizen;

(b) being a person who has obtained any veterinary science diploma or certificate awarded by national or international and recognized by the Council albeit who has not obtained any degree as prescribed in section 11 of the Law.

49. A person who meets the qualifications specified in rule 48 shall describe the information in the Application Form (10) completely and correctly, and apply for the permit to the Council with the required documents.

၅၀။ ကောင်စီသည်-

(က) ခွင့်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်လွှာပုံစံ (၁၀) ပါ အချက်အလက်များ မှန်ကန်စွာ ဖော်ပြထားခြင်း ရှိ မရှိ၊ ပူးတွဲတင်ပြရမည့် အထောက်အထား စာရွက်စာတမ်းများ ပြည့်စုံမှန်ကန်ခြင်း ရှိ-မရှိ စိစစ်ရမည်။

(ခ) ခွင့်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်လွှာပါ အချက်အလက်များနှင့်စပ်လျဉ်း၍ လိုအပ်သည့် အထောက်အထားများကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းမှ တောင်းခံနိုင်သည်။

(ဂ) သက်ဆိုင်ရာ အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းမှ လိုအပ်သည့် အထောက်အထားများ ရယူတင်ပြရန် လျှောက်ထားသူအား ညွှန်ကြား နိုင်သည်။

(ဃ) ခွင့်ပြုလက်မှတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ် ပေးရမည်။

၅၁။ မှတ်ပုံတင်အရာရှိသည်-

(က) နည်းဥပဒေ ၅၀၊ နည်းဥပဒေခွဲ (ဃ) အရ ကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ သက်ဆိုင်ရာ လျှောက်ထားသူထံ စာဖြင့် အကြောင်းကြားရမည်။

(ခ) ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ခွင့်ပြုချက်ရရှိသူထံမှ ခွင့်ပြုလက်မှတ်ခံလက်ခံ ရရှိလျှင် ခွင့်ပြုလက်မှတ်မှတ်တမ်း ပုံစံ (၁၁) တွင် စာရင်းရေးသွင်း ရမည်။

(ဂ) ခွင့်ပြုလက်မှတ်မှတ်တမ်း ပုံစံ(၁၁)တွင် စာမျက်နှာ အသီးသီး၌ မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားရမည်။

(ဃ) ခွင့်ပြုလက်မှတ် ပုံစံ(၁၂)ကို မိမိကလက်မှတ်ရေးထိုး၍ သက်ဆိုင်ရာ လျှောက်ထား သူအား ထုတ်ပေးရမည်။

50. The Council:

(a) shall scrutinize whether the information is completely and correctly described in the application Form (10) and whether the attached documents are complete and correct in order to issue the permit;

(b) may request the necessary documents from the relevant government department or organization relating to the information described in the application Form to issue the permit;

(c) may direct the applicant to obtain and submit the necessary documents from the relevant government department or organization;

(d) shall decide whether to grant or reject to issue the permit.

51. The Registration Officer shall:

(a) inform the relevant applicant in writing of the decision of the Council under sub–rule (d) of rule 50;

(b) register in the permit register Form (11) if permit fee is received from the person permitted to issue permit;

(c) sign on each page to certify in the permit register Form (11);

(d) issue the permit Form (12) signed by the Registration Officer to the relevant applicant.

၅၂။ ကောင်စီသည် ခွင့်ပြုလက်မှတ်ရရှိသူအား နည်းဥပဒေ ၃၆ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်းတွေ့ရှိလျှင် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ငြင်းပယ်နိုင်သည်။

၅၃။ (က) ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ငြင်းပယ်ခြင်း ခံရသူသည် ယင်းကာလကုန်ဆုံးသည့်အခါ ခွင့်ပြုလက်မှတ်ထုတ်ပေးရန် ကောင်စီသို့ ပြန်လည် လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ခွင့်ပြုလက်မှတ် ထုတ်ပေးရမည်။

၅၄။ ခွင့်ပြုလက်မှတ် သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ ၃- နှစ် ဖြစ်သည်။

၅၅။ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ခွင့်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ လျှောက်လွှာပုံစံ (၁၃) တွင် ပြည့်စုံမှန်ကန်စွာ ဖော်ပြပြီး ကောင်စီသို့ လျှောက်ထားရမည်။

(ခ) ခွင့်ပြုလက်မှတ်သက်တမ်း တိုးမြှင့်ပေးရန် ကောင်စီကခွင့်ပြုလျှင် ခွင့်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ခကို ပေးသွင်းရမည်။

(ဂ) ခွင့်ပြုလက်မှတ်သက်တမ်းကုန်ဆုံးပြီးမှ သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားလျှင် ဒဏ်ကြေးပေးသွင်းရမည်။

၅၆။ မှတ်ပုံတင်အရာရှိသည် ခွင့်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ခ လက်ခံရရှိလျှင် ခွင့်ပြုလက်မှတ် ပုံစံ(၁၂)တွင် လက်မှတ်ရေးထိုးပြီး သက်တမ်းတိုးမြှင့်ပေးရမည်။

52. The Council may reject the permit issuance for a certain period or permanently if the Council finds that the person who has obtained the permit is implicated in any of the descriptions as prescribed in rule 36.

53. (a) The person who is rejected for the permit issuance for a certain period, may reapply to the Council for the permit issuance when such period expires.

(b) The Council shall issue the permit after scrutinizing the application made under sub-rule (a) and such application is consistent with the stipulations.

54. The term of the permit shall be 3 years from the issued date.

55. The permit holder shall:

(a) apply for the renewal of the permit to the Council 60 days prior to the expiry of the term by providing the application Form (13) being filled correctly to the Council;

(b) shall pay the fee for the renewal of the permit if the Council allows the renewal of the permit;

(c) shall pay the fine if the application for the renewal of the permit is made after the expiry of the term of the permit.

56. If the Registration Officer receives the fee for renewal of the permit, the Registration Officer shall sign on the Permit Form (12) and renew of permit.

၅၇။ ကောင်စီသည် ခွင့်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားချက်ကို စိစစ်ရာတွင် နည်းဥပဒေ ၃၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းကြောင်း တွေ့ရှိလျှင် ခွင့်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့်ဖြစ်စေ၊ အမြဲတမ်းဖြစ်စေ ငြင်းပယ်နိုင်သည်။

၅၈။ (က) ခွင့်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်းကို ကာလအကန့်အသတ်ဖြင့် ငြင်းပယ်ခြင်းခံရသူသည် ယင်းကာလ ကုန်ဆုံးသည့်အခါ ခွင့်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် ကောင်စီသို့ ပြန်လည်လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် နည်းဥပဒေခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ခွင့်ပြုလက်မှတ်ကို သက်တမ်းတိုးမြှင့်ပေးရမည်။

၅၉။ ခွင့်ပြုလက်မှတ်ခ၊ခွင့်ပြုလက်မှတ်သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးတို့သည် ကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၆၀။ ကောင်စီသည် မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းနှင့် စပ်လျဉ်း၍ ချမှတ်သည့် အမိန့်အပေါ် ပြန်လည်သုံးသပ်ပြင်ဆင်နိုင်သည်။

၆၁။ (က) မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ရရှိသူသည် မိမိလက်မှတ် ပျောက်ဆုံးသည့်အခါ မူရင်းခွဲလက်မှတ်ရရှိရန် သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ထောက်ခံချက်နှင့် ပြည်နယ်၊ တိုင်း တိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ ထောက်ခံချက်တို့ကို ပူးတွဲ၍ ကောင်စီသို့ လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် မူရင်းခွဲ လက်မှတ်ထုတ်ပေးရန် လျှောက်ထားချက်ကို စိစစ်ပြီး မူရင်းခွဲလက်မှတ် ထုတ်ပေးရန် ခွင့်ပြုကြောင်း သို့မဟုတ် ငြင်းပယ်ကြောင်း အဆုံးအဖြတ်ပေးရမည်။

57. The Council may reject the renewal of the permit for a certain period to restrict or permanently if the Council finds that there is any violation of stipulations as prescribed in rule 36 when the application for renewal of the permit is scrutinized.

58. (a) The person whose application for the renewal of the permit is rejected for a certain period may reapply to the Council for the renewal of the permit when such period expires afterwards.

(b) The Council shall allow the renewal of the permit after scrutinizing the application made under sub–rule (a) and such application is consistent with the stipulations.

59. The fee for the permit, fee for the renewal of the permit and fine shall be paid as prescribed by the Council.

60. The Council may review and amend the order relating to the issue of registration certificate or permit.

61. (a) When a person holding registration certificate or permit lost such certificate or permit, they may apply for the issuance of the duplicate certificate or permit to the Council by providing the recommendation of Myanmar Police Force and the relevant State or Region Veterinary Science Supervisory Body.

(b) The Council shall scrutinize the application for the issuance of the duplicate certificate or permit, and decide whether to grant or reject the issuance of the duplicate certificate or permit.

(ဂ) နည်းဥပဒေခွဲ(ခ)အရ မူရင်းခွဲလက်မှတ်ထုတ်ပေးရန် ခွင့်ပြုကြောင်း ဆုံးဖြတ်လျှင် မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာ မှတ်ပုံတင်ကြေး သို့မဟုတ် ခွင့်ပြုလက်မှတ်ခပေးသွင်းရန် လျှောက်ထားသူထံစာဖြင့် အကြောင်းကြားရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် သက်ဆိုင်ရာ မှတ်ပုံတင်ကြေး သို့မဟုတ် ခွင့်ပြုလက်မှတ်ခ လက်ခံရရှိလျှင် မူရင်းခွဲတံဆိပ် ရိုက်နှိပ်၍ သက်ဆိုင်ရာ မူရင်းခွဲလက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၆၂။ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ဥပဒေ၊ ဤနည်းဥပဒေများ၊ ဥပဒေအရ ထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) ကောင်စီက သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာရမည်။

၆၃။ ခွင့်ပြုလက်မှတ်ရရှိသူသည်-

(က) ကောင်စီကသတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်ခွင့်ရှိသည်။

(ခ) မိမိ၏ နစ်နာချက်များကို ကောင်စီသို့ တင်ပြခွင့်ရှိသည်။

## အခန်း (၈)

## မှတ်ပုံတင်အရာရှိ၏ လုပ်ငန်းတာဝန်များ

၆၄။ မှတ်ပုံတင်အရာရှိ၏လုပ်ငန်းတာဝန်များမှာ အောက်ပါ အတိုင်း ဖြစ်သည်-

(က) ကောင်စီဝင်များ၏အမည်စာရင်းကို ပြုစုမှတ်တမ်း တင်ခြင်း၊

(c) If the Council decides to issue the duplicate certificate or permit under sub–rule (b), the Registration Officer shall notify the applicant in writing to pay the relevant registration fee or permit fee.

(d) If the Registration Officer receives the fee for the relevant registration or permit, the Registration Officer shall seal the relevant duplicate certificate or permit as DUPLICATE and issue it to the applicant.

62. The permit holder shall:

(a) abide by the Law, these rules, and procedures, orders, directives issued under the Law;

(b) keep the disciplines imposed by the Council.

63. The permit holder shall:

(a) have the right to practice as a Veterinary Auxiliary in accordance with the disciplines imposed by the Council;

(b) have the right to express his grievances to the Council.

## Chapter VIII

## The Duties of the Registration Officer

64. The duties of the Registration Officer are as follows:

(a) preparing the list of the Council Members and registering their names;

(ခ) ကောင်စီသက်တမ်းမကုန်ဆုံးမီ ကောင်စီအသစ် ဖွဲ့စည်းနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊

(ဂ) အစည်းအဝေးကျင်းပမည့် အစီအစဉ်များကို ကောင်စီဝင်အသီးသီးထံ ကြိုတင် အကြောင်းကြားခြင်း၊

(ဃ) အစည်းအဝေး တက်ရောက်သူများ၊ ခွင့်ပန်သူများ၊ ပျက်ကွက်သူများ၏ အမည် စာရင်းကို မှတ်တမ်းတင်ခြင်း၊

(င) အစည်းအဝေးတွင် ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ပြီး ဦးစီး ဌာနနှင့် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ လျှောက်ထားသူထံ အကြောင်းကြားခြင်း၊ မှတ်ပုံတင်စာရင်းရေးသွင်းခြင်း၊ မှတ်ပုံတင်လက်မှတ်ထုတ်ပေးခြင်း၊ မှတ်ပုံတင် လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဆ) ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ သက်တမ်းတိုးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ကောင်စီ၏ ဆုံးဖြတ်ချက်နှင့်အညီ လျှောက်ထားသူထံ အကြောင်းကြားခြင်း၊ ခွင့်ပြုလက်မှတ် မှတ်တမ်းစာအုပ်တွင် စာရင်းရေးသွင်းခြင်း၊ ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်း၊ ခွင့်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဇ) နှစ်စဉ် ဇန်နဝါရီလအတွင်း မှတ်ပုံတင်ခွင့်ပြုပြီးသော တိရစ္ဆာန်ဆေးကုဆရာဝန်များ နှင့်ခွင့်ပြုလက်မှတ် ထုတ်ပေးပြီးသူများ၏ စာရင်းကိုပြုစုခြင်း၊

(b) taking necessary measures for the formation of the new Council before the expiry of the tenure of the Council;

(c) informing every Council Member in advance of the meeting agenda;

(d) recording the list of the attendees, persons on leave, absentees at the meeting;

(e) recording the discussions and decisions at the meeting and submitting the record to the Department and the Ministry;

(f) notifying the applicant of the decision of the Council relating to the issuance and the renewal of the registration certificate, and registering, issuing and renewing the registration certificate;

(g) informing the applicant of the decision of the Council relating to the issuance and the renewal of the permit, and registering, issuing and renewing the permit;

(h) preparing the list of the veterinary surgeons and persons who have been issued the permit in January of each year;

(ဈ) ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းထားသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်များကို စနစ်တကျထိန်းသိမ်းခြင်း၊

(ည) ပယ်ဖျက်ထားသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ပါ အမည်စာရင်းကို သက်ဆိုင်ရာ စာရင်းစာအုပ်မှ ပယ်ဖျက်ခြင်း၊

(ဋ) ကောင်စီက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၉)

## အရေးယူခြင်း

၆၅။ ကောင်စီသည်-

(က) ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း စွပ်စွဲခံရသော ခွင့်ပြုလက်မှတ်ရရှိသူအား စုံစမ်းစစ်ဆေးနိုင်ရန် ပြည်နယ်၊ တိုင်း တိရစ္ဆာန်ဆေးပညာဆိုင်ရာကြီးကြပ်ရေးအဖွဲ့ဝင် ၁-ဦး ခေါင်းဆောင်ပါဝင်၍ တိရစ္ဆာန်ဆေးကုဆရာဝန် ၂-ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်ရမည်။

(ခ) ဥပဒေနှင့်ဤနည်းဥပဒေများအရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ အဖွဲ့သက်တမ်းတို့ကို သတ်မှတ်ပေးရမည်။

(ဂ) လိုအပ်ပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များကို ပြင်ဆင်ဖွဲ့စည်းခြင်းသော်လည်းကောင်း၊ တစ်ဖွဲ့ထက်ပို၍ ဖွဲ့စည်းခြင်းသော်လည်းကောင်း ပြုလုပ်နိုင်သည်။

၆၆။ ဥပဒေနှင့် ဤနည်းဥပဒေများအရ ဖွဲ့စည်းသော စုံစမ်းစစ်ဆေးရေးအဖွဲ့သည်-

(က) အစိုးရအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သော ဌာနဆိုင်ရာစုံစမ်းစစ်ဆေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်နိုင်သည်။

(i) systematically maintaining the registration certificates or permits being revoked for a certain period;

(j) deleting the name in the registration certificates or permits being canceled from the relevant register;

(k) performing other duties assigned by the Council.

## Chapter IX

## Taking of Action

65. The Council:

(a) shall form and assign an investigation team comprising two Veterinary Surgeons and a member of the State, Region Veterinary Supervisory Body as a Leader in order to investigate the permit holder who is accused of violating any stipulations of these rules.

(b) shall prescribe the duties and powers and the tenure of the investigation team formed under the Law and these rules.

(c) may re–form the investigation team or form more than one team, if necessary.

66. The investigation team formed under the Law and these rules:

(a) may follow the departmental investigation procedures issued by the Government from time to time;

(ခ) စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာကို သဘောထားမှတ်ချက်ဖော်ပြ၍ အဖွဲ့ဝင်အားလုံး လက်မှတ်ရေးထိုးပြီး စည်းကမ်းထိန်းသိမ်းရေးကော်မတီသို့ တင်ပြရမည်။

၆၇။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် စုံစမ်းစစ်ဆေးရေးအဖွဲ့က တင်ပြလာသော အစီရင်ခံစာကို စိစစ်ပြီး–

(က) စွပ်စွဲချက်အရ စွပ်စွဲခံရသူအပေါ် အပြစ်မရှိကြောင်းတွေ့ရှိရပါက စုံစမ်းစစ်ဆေးရေး အမှုတွဲကို ပိတ်သိမ်းကြောင်း အမိန့်ချမှတ်ရမည်။

(ခ) စွပ်စွဲချက်အရ စွပ်စွဲခံရသူအပေါ် အပြစ်ရှိကြောင်း တွေ့ရှိရပါက အောက်ပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(၁) သတိပေးခြင်း၊

(၂) မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(၃) မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း။

၆၈။ ကောင်စီသည် အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည့် ပြစ်မှုအမျိုးအစားများကို အခါအားလျော်စွာ အမိန့်ထုတ်ပြန် သတ်မှတ်နိုင်သည်။

၆၉။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် နည်းဥပဒေ ၆၈ အရ ထုတ်ပြန်ထားသော အကျင့်စာရိတ္တ ပျက်ပြားရာရောက်သည့်ပြစ်မှုဖြင့် တရားရုံး၏ ပြစ်မှုထင်ရှားစီရင်ခြင်းခံရသော ခွင့်ပြုလက်မှတ်ရရှိသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်–

(က) ခွင့်ပြုလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း။

(ခ) ခွင့်ပြုလက်မှတ်ကို ပယ်ဖျက်ခြင်း။

(b) shall submit the investigation report signed by all members with commentary to the Disciplinary Committee.

67. The Disciplinary Committee after scrutinizing the report submitted by the investigation team:

(a) shall make an order to close the case if it is found that the accused person is not guilty under the allegation;

(b) may impose any of the following administrative penalties if it is found that the accused person is guilty:

(i) giving a warning;

(ii) revoking the registration certificate or permit for a certain period; or

(iii) cancelling the registration certificate or permit.

68. The Council may, by issuing an order, prescribe the types of offence as amounting to misconduct from time to time.

69. The Disciplinary Committee may impose any of the following administrative penalties against permit holder who has been convicted by the Court as amounting to misconduct according to the order under rule 68:

(a) revoking the permit for a certain period; or

(b) cancelling the permit.

၇၀။ (က) ခွင့်ပြုလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသူသည် ယင်းကာလကုန်ဆုံးသည့်အခါ ခွင့်ပြုလက်မှတ်ရရှိရန် ကောင်စီသို့ ပြန်လည် လျှောက်ထားနိုင်သည်။

(ခ) ကောင်စီသည် နည်းဥပဒေခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး သတ်မှတ်ချက်များနှင့် ညီညွတ်ပါက ခွင့်ပြုလက်မှတ်ကို ထုတ်ပေးရမည်။

၇၁။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းသော်လည်းကောင်း၊ ပယ်ဖျက်ခြင်းသော်လည်ကောင်း အမိန့်ချမှတ်သည့်အခါ အောက်ပါပုဂ္ဂိုလ် အဖွဲ့အစည်းများထံ စာဖြင့် အကြောင်း ကြားရမည်-

(က) ပြစ်ဒဏ်ချမှတ်ခြင်းခံရသော တိရစ္ဆာန်ဆေးကုဆရာဝန် သို့မဟုတ် ခွင့်ပြုလက်မှတ်ရရှိသူ၊

(ခ) သက်ဆိုင်ရာပြည်နယ်၊ တိုင်း တိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၊

(ဂ) သက်ဆိုင်ရာ ပြစ်ဒဏ် ချမှတ်ခြင်းခံရသူ၏ လုပ်ငန်းဆိုင်ရာ တာဝန်ရှိသူ၊

(ဃ) ကောင်စီ။

၇၂။ စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် ဥပဒေပုဒ်မ ၁၇၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲငယ် (၁) အရ တိရစ္ဆာန်ဆေးကုဆရာဝန်အားဖြစ်စေ၊ နည်းဥပဒေ ၆၇၊ နည်းဥပဒေခွဲ (ခ)၊ နည်းဥပဒေခွဲငယ် (၁)အရ ခွင့်ပြုလက်မှတ် ရရှိသူအားဖြစ်စေ စီမံခန့်ခွဲရေးဆိုင်ရာ သတိပေးခြင်းပြစ်ဒဏ် ချမှတ်သည့်အခါ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ပြစ်ဒဏ်ချမှတ်ခံရသော တိရစ္ဆာန်ဆေးကုဆရာဝန် သို့မဟုတ် ခွင့်ပြုလက်မှတ် ရရှိသူထံ အကြောင်းကြားခြင်း၊

70. (a) The person whose permit is revoked for a certain period may reapply to the Council to obtain the permit after the expiry of such period.

(b) The Council shall issue the permit after scrutinizing the application made under sub–rule (a) and such application is consistent with the stipulations.

71. When the Disciplinary Committee make an order to revoke or cancel the registration certificate or permit for a certain period, the Disciplinary Committee shall inform the following person or bodies in writing of the order:

(a) veterinary surgeon or permit holder against whom such administrative penalty is imposed;

(b) relevant State, Region Veterinary Supervisory Body;

(c) the responsible person in work of the relevant person being imposed such administrative penalty;

(d) the Council.

72. When a written warning is imposed against either the Veterinary Surgeon under section 17(b)(1) of the Law or the permit holder under rule 67 (b)(1), the Disciplinary Committee shall:

(a) inform the Veterinary Surgeon or the permit holder against whom administrative penalty is imposed;

(ခ) ပြစ်ဒဏ်ချမှတ်ခြင်းခံရသော တိရစ္ဆာန်ဆေးကုဆရာဝန် သို့မဟုတ် ခွင့်ပြုလက်မှတ်ရရှိသူ၏ ကိုယ်ရေးမှတ်တမ်းတွင် မှတ်တမ်းတင်သွင်းရန် မှတ်ပုံတင်အရာရှိထံ အကြောင်းကြားခြင်း၊

(ဂ) သက်ဆိုင်ရာပြည်နယ်၊ တိုင်း တိရစ္ဆာန်ဆေးပညာဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က စည်းကမ်းထိန်းသိမ်းရေး ကော်မတီ၏ ဆုံးဖြတ်ချက်နှင့်အညီ မှတ်တမ်းတင်ဆောင်ရွက်ရန် အကြောင်းကြားခြင်း။

၇၃။ မှတ်ပုံတင်အရာရှိသည်-

(က) စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းထားသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်အား ပြန်လည်အပ်နှံရန် သက်ဆိုင်ရာ တာဝန်ရှိ သူကို အကြောင်းကြားရမည်။

(ခ) ပြန်လည်အပ်နှံသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ကို စနစ်တကျ ထိန်းသိမ်းထားရမည်။

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ် ပယ်ဖျက်ခြင်းခံရသူ၏ အမည်စာရင်းကို သက်ဆိုင်ရာ မှတ်ပုံတင်စာရင်းမှအပြီး ပယ်ဖျက်ရမည်။

၇၄။ ကောင်စီသည် အောက်ပါအခြေအနေ တစ်ရပ်ရပ် ပေါ်ပေါက်ပါက မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ်ကို ပယ်ဖျက်ကြောင်း အမိန့်ချမှတ်ရမည်-

(က) မှတ်ပုံတင်ထားသူ သို့မဟုတ် ခွင့်ပြုလက်မှတ်ရရှိသူ သေဆုံးခြင်း၊

(ခ) မှတ်ပုံတင်ထားသူ သို့မဟုတ် ခွင့်ပြုလက်မှတ်ရရှိသူက ပယ်ဖျက်ခွင့် တောင်းခံခြင်း။

(b) inform the Registration Officer of the penalty to register in the personal record of the Veterinary Surgeon or the permit holder against whom administrative penalty is imposed;

(c) inform the relevant State, Region Veterinary Supervisory Body of the penalty to register in accordance with the decision of the Disciplinary Committee.

73. The Registration Officer shall:

(a) notify the relevant responsible person to return the registration certificate or the permit being revoked by the Disciplinary Committee for a certain period;

(b) systematically maintain the registration certificate or the permit being returned;

(c) delete the name of the person whose registration certificate or permit is canceled from the relevant register.

74. The Council shall make an order to cancel the registration certificate or the permit if any of the following situations occurs;

(a) death of the Registrant or the permit holder; or

(b) request by the registrant or the permit holder for cancellation.

## အခန်း (၁၀)

## အယူခံခြင်း

၇၅။ ဥပဒေနှင့် ဤနည်းဥပဒေများအရ စည်းကမ်းထိန်းသိမ်းရေးကော်မတီက ချမှတ်သောအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် မိမိကိုယ်တိုင်ဖြစ်စေ၊ တရားဝင် ကိုယ်စားလှယ်ဖြင့် ဖြစ်စေ ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှရက်ပေါင်း ၆၀ အတွင်း ကောင်စီသို့ အယူခံဝင်နိုင်သည်။

၇၆။ ကောင်စီသည်-

(က) စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ခ) လိုအပ်ပါက ပြန်လည်စစ်ဆေးရန် ညွှန်ကြားနိုင်သည်။

၇၇။ ကောင်စီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၇၈။ အယူခံတွင် စည်းကမ်းထိန်းသိမ်းရေးကော်မတီ၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ပယ်ဖျက်သဖြင့် မှတ်ပုံတင်လက်မှတ် သို့မဟုတ် ခွင့်ပြုလက်မှတ် ပြန်လည်ရရှိလိုသူသည် ကောင်စီသို့ လျှောက်ထားနိုင်သည်။

## အခန်း(၁၁)

## ငွေကြေးဆိုင်ရာကိစ္စများ

၇၉။ ကောင်စီနှင့်ဥပဒေ၊ ဤနည်းဥပဒေများအရ ဖွဲ့စည်းသောကော်မတီများ၊ အဖွဲ့များ သည် ရငွေသုံးငွေဆိုင်ရာ ငွေစာရင်းများထားရှိခြင်းတို့ကို တည်ဆဲဘဏ္ဍာရေး စည်းမျဉ်း၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## Chapter X

## Appeal

75. Any person who is dissatisfied with an order or decision made by the Disciplinary Committee under the Law and these Rules may, either personally or through a legal representative, file an appeal to the Council within 60 days from the date on which such order or decision was made.

76. The Council may:

(a) affirm, cancel or amend the order or decision of the Disciplinary Committee;

(b) direct the Disciplinary Committee to reinvestigate, if necessary.

77. The decision of the Council shall be conclusive and final.

78. A person who desires to get the registration certificate or the permit back may apply to the Council as the order or decision of the Disciplinary Committee is cancelled on appeal.

## Chapter XI

## Financial Matters

79. The Council, the Committees and the Bodies formed under the Law and these rules shall observe and comply with financial regulations and directives in keeping the accounts for incomes and expenditures.

၈၀။ ကောင်စီသည်-

(က) ဦးစီးဌာနက ခွဲဝေသတ်မှတ်ပေးသော ရန်ပုံငွေကို ဘဏ်တွင် သီးခြားငွေ စာရင်းဖွင့်လှစ်ရမည်။

(ခ) ဦးစီးဌာနက ကျခံသည့် ကုန်ကျစရိတ်များကို ဦးစီးဌာန၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၈၁။ ကောင်စီသည် ဥပဒေ၊ ဤနည်းဥပဒေများအရ ဖွဲ့စည်းသောကော်မတီများ၊ အဖွဲ့များ၏ ရငွေသုံးငွေဆိုင်ရာ ငွေစာရင်းများနှင့် ပစ္စည်းစာရင်းတို့ကို အခါအားလျော်စွာ စစ်ဆေးနိုင်သည်။ လိုအပ်ပါက သက်ဆိုင်ရာ စာရင်းရုံး၏ အကူအညီကို တောင်းခံ နိုင်သည်။

၈၂။ ဥပဒေနှင့် ဤနည်းဥပဒေများအရ ဖွဲ့စည်းသော ကော်မတီများ၊ အဖွဲ့များ၏ အစိုးရဝန်ထမ်းမဟုတ်သော အဖွဲ့ဝင်သည် ကောင်စီအစည်းအဝေး တက်ရောက်ခြင်း သို့မဟုတ် ကောင်စီက ပေးအပ်သည့်တာဝန်များဆောင်ရွက်ခြင်းတို့အတွက် ကောင်စီက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

## အခန်း (၁၂)

## အထွေထွေ

၈၃။ ဦးစီးဌာနသည် ကောင်စီရုံး၏လုပ်ငန်းများကို ဆောင်ရွက်ရန်လိုအပ်သည့် ဝန်ထမ်းများကို သီးခြားသတ်မှတ် ခွဲဝေပေးရမည်။

ပုံ

ဗိုလ်မှူးချုပ်မောင်မောင်သိမ်း

ဝန်ကြီး

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

စာအမှတ်၊ ၂/ ၁၆၀ (က)/ (၈၄၅ / ၉၇)

ရက်စွဲ၊ ၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက်

80. The Council shall:

(a) open the separate bank account at a bank for the funds allocated by the Department;

(b) the expenses borne by the Department shall be in accordance with the specifications of the Department.

81. The Council may examine the accounts of incomes and expenditures and the list of property of the Committees and the Bodies formed under the Law and these rules from time to time. The Council may request the assistance of relevant audit office, if necessary.

82. The member of the Committees and the Bodies, who is not a civil servant, established by the Law and these rules shall be entitled to receive the honorarium prescribed by the Council for attending the meeting of the Council or performing the duties assigned by the Council.

## Chapter XII

## Miscellaneous

83. The Department shall identify and allocate the required personnel to perform the tasks of the Council Office.

(Sd)

Brigadier General Maung Maung Thein

The Minister

The Ministry of Livestock Breeding and Fisheries

Letter No– 2/160(a)/ (845/97)

Date– 18th December 1997

မိတ္တူကို -

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး

၃။ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ရုံး

၄။ ပြည်ထောင်စုမြန်မာနိုင်ငံတော်တရားရုံးချုပ်

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ရှေ့နေချုပ်ရုံး

၆။ ပြည်ထောင်စုမြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်ရုံး

၇။ ဝန်ကြီးဌာနအားလုံး

၈။ မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန/ လုပ်ငန်းအားလုံး

၉။ ဦးဆောင်ညွှန်ကြားရေးမှူး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း (မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်နှင့် အပိုမိတ္တူစောင်ရေ(၅၀)ကို ဤရုံးသို့ ပေးပို့ပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

၁၀။ တိရစ္ဆာန်ဆေးပညာကောင်စီ

အမိန့်အရ

(မြင့်ရွှေ)

ရုံးအဖွဲ့မှူး

Copies–

1. The Office of the Chairman of the State Peace and Development Council
2. The Office of the State Peace and Development Council
3. The Government Office of the Union of Myanmar
4. The Supreme Court of the Union of Myanmar
5. The Attorney General's Office of the Union of Myanmar
6. The Auditor General's Office of the Union of Myanmar
7. All Ministries
8. All Departments and Enterprises under the Ministry of Livestock Breeding and Fisheries
9. Managing Director, The Printing and the Publishing Department
   (With request to publish in the Myanmar Gazette and to send 50 additional copies to this Office)
10. The Veterinary Council

By Order –

(Myint Shwe)

Chief of Staff

**ပုံစံ(၁)**

## မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဝင် ရွေးကောက်တင်မြှောက်ခြင်း မဲဆန္ဒရှင်များစာရင်း

(ဥပဒေပုဒ်မ ၄(ဂ)၊ နည်းဥပဒေ၅၊ နည်းဥပဒေခွဲ(က))

| စဉ် | မဲဆန္ဒရှင်အမည် | အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်အမှတ် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | | |

ရက်စွဲ၊ ---------------------------

အတွင်းရေးမှူး

တိရစ္ဆာန်ဆေးပညာကောင်စီဝင်ရွေးကောက်တ

င်မြှောက်ရေးအဖွဲ့။

**Form (1)**

**Election of the Myanmar Veterinary Council Member**

**Voters Register**

**(Sub–rule (a) of Rule 5, Section 4(c) of the Law)**

| No. | Name of voter | National Identity Card No./ Citizenship Scrutiny Card No. | Veterinary Surgeon Registration No. | Address | Remark |
|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 |
| | | | | | |

Date……………………….

Secretary

Veterinary Council Member

Election Board

**ပုံစံ (၂)**

**မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဝင် ရွေးကောက်တင်မြှောက်ခံရန် အမည်စာရင်းတင်သွင်းလွှာ**

(ဥပဒေပုဒ်မ ၄(ဂ)၊ နည်းဥပဒေ၅၊ နည်းဥပဒေခွဲ(ဂ))

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဝင်
ရွေးကောက်တင်မြှောက်ရေးအဖွဲ့၊ ရန်ကုန်မြို့။

အကြောင်းအရာ။ ။ အမည်စာရင်းတင်သွင်းခြင်း။

၁။ ကျွန်တော်/ ကျွန်မသည်-------------------------------ရက်နေ့တွင် ကျင်းပမည့် မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဝင် ရွေးကောက်တင်မြှောက်ပွဲအတွက် မိမိ၏ဆန္ဒအရ အောက်ပါ လိုအပ်သော အချက်များကို ဖော်ပြ၍ အမည်စာရင်းတင်သွင်းအပ်ပါသည်-

(က) အမည်၊ ---------------------------------------------------------------------------

(ခ) အမျိုးသားမှတ်ပုံတင်အမှတ်/ ---------------------------------------------------
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ -----------------------------------------------

(ဂ) တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်အမှတ်၊ -------------------------------------------

(ဃ) ပညာအရည်အချင်း၊ ---------------------------------------------------------

(င) အောင်မြင်သည့် ခုနှစ်၊ လ၊ -------------------------------------------------------

(စ) အလုပ်အကိုင်၊ ------------------------------------------------------------------

(ဆ) နေရပ်လိပ်စာ၊ ----------------------------------------------------------------
------------------------------------------------------------------------------------

၂။ ကျွန်တော်/ ကျွန်မသည် တိရစ္ဆာန်ဆေးပညာကောင်စီနည်းဥပဒေ ၆ ပါ အချက်များနှင့်ညီညွတ်ကြောင်း ဝန်ခံကတိပြုပါသည်။

လက်မှတ်-----------------------------------------

အမည်စာရင်းတင်သွင်းသူ-------------------------

ရက်စွဲ၊---------------------------

**Form (2)**

**Nomination Form to elect the member of the Myanmar Veterinary Council**

**(Sub–rule (a) of Rule 5, Section 4(c) of the Law)**

To

Chairman

Myanmar Veterinary Council Member

Election Board, Yangon.

Subject: **Submission of Nomination**

1. I hereby nominate myself with the following necessary information for the election of the Myanmar Veterinary Council Member to be held on…………………………..

   (a) Name…………………………………………………………………….

   (b) National Identity Card No./……………………………………………

   Citizenship Scrutiny Card No.………………………………………….

   (c) Veterinary Surgeon Registration No………………………………….

   (d) Educational Qualification……………………………………………...

   (e) Graduation year, month……………………………………………….

   (f) Occupation………………………………………………………………

   (g) Address…………………………………………………………………

   …………………………………………………………………………….

2. I acknowledge that I meet the specifications provided in Rule 6 of the Veterinary Council Rules.

Signature………….

Nominator………...

Date…………….

**ပုံစံ (၃)**

## မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဝင် ရွေးကောက်တင်မြှောက်ခြင်း အတွက် မဲဆန္ဒပြုလွှာ

(ဥပဒေပုဒ်မ၄(ဂ)၊ နည်းဥပဒေ၇၊ နည်းဥပဒေခွဲ(ဂ))

| စဉ် | ကောင်စီဝင်လောင်းများ၏ အမည်နှင့်အလုပ်အကိုင် | တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်အမှတ် | မဲဆန္ဒ | |
|---|---|---|---|---|
| | | | ထောက်ခံ | ကန့်ကွက် |
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |

မှတ်ချက်။ (၁) မဲဆန္ဒရှင်သည် အရွေးခံခွင့်ရှိသောအ မည်စာရင်းတင်သွင်းထားသည့် ကောင်စီဝင်လောင်းများအနက် (   ) ဦးထက်ပို၍ ထောက်ခံဆန္ဒမပြုရ။

(၂) ထောက်ခံဆန္ဒပြုလိုသူများ၏ အမည်နှင့်ယှဉ်၍ စာတိုင်(၄)တွင် အမှန် အမှတ်အသား (√) ဖော်ပြရမည်။

(၃) ကန့်ကွက်ဆန္ဒ ပြုလိုသူများ၏ အမည်နှင့်ယှဉ်၍ စာတိုင်(၅)တွင် ကြက်ခြေခတ် အမှတ်အသား(×) ဖော်ပြရမည်။

(၄) သတ်မှတ်သည့် စည်းကမ်းချက်များနှင့် မညီညွတ်သော မဲဆန္ဒပြုလွှာကို ပယ်မဲအဖြစ် သတ်မှတ်မည်။

မဲဆန္ဒရှင်လက်မှတ်၊ -----------------------------------------------

အမည်၊ -----------------------------------------------------

တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်အမှတ်၊ ----------------------------

နေရပ်လိပ်စာ၊ --------------------------------------------------

ရက်စွဲ၊-------------------------------

**Form (3)**

**Ballot Paper for the Election of Myanmar Veterinary Council Member**

**(Sub–rule (c) of Rule–7, Section 4 (c) of the Law)**

| No. | Name and occupation of the Council Member Candidates | Veterinary Surgeon Registration No. | Vote | |
|---|---|---|---|---|
| | | | assent | Objection |
| 1 | 2 | 3 | 4 | 5 |
| | | | | |

Note: (1) A voter shall not give the assenting vote more than (….) person among the nominated Council member candidate to be elected.

(2) The correct mark (/) shall be shown in column 4 next to the name of the Council member candidates whom will be given the assenting vote.

(3) The cross mark (x) shall be shown in column 5 next to the name of the Council member candidates whom will be given the objection vote.

(4) A ballot paper that does not conform to the prescribed specifications will be described as a null vote.

Signature of the voter…………….

Name…………………….

Registration No. of the Veterinary Surgeon………………

Address………………………….

Date…………….

**ပုံစံ (၄)**

**မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဝင် ရွေးကောက်တင်မြှောက်ရာတွင် ကောင်စီဝင်လောင်းအသီးသီးရရှိသော**

**ထောက်ခံဆန္ဒမဲစာရင်း**

(ဥပဒေပုဒ်မ၄(ဂ)၊ နည်းဥပဒေ၁၀၊ နည်းဥပဒေခွဲ(ခ))

| စဉ် | ကောင်စီဝင်လောင်းများ၏ အမည်နှင့် အလုပ်အကိုင် | တိရစ္ဆာန်ဆေးကုဆရာဝန် မှတ်ပုံတင်အမှတ် | ထောက်ခံဆန္ဒမဲ အရေအတွက် | |
|---|---|---|---|---|
| | | | ဂဏန်းဖြင့် | စာဖြင့် |
| ၁ | ၂ | ၃ | ၄ | ၅ |
| | | | | |

မှန်ကန်ကြောင်းလက်မှတ်ရေးထိုးပါသည်။

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီဝင်

ရွေးကောက်တင်မြှောက်ရေးအဖွဲ့

ရက်စွဲ၊-------------------

**Form (4)**

**List of the Assenting Votes for each candidate at the Election of the Myanmar Veterinary Council Member**

**(Sub–rule (b) of Rule–10, Section 4 (c) of the Law)**

| No. | Name and occupation of the Council Member Candidates | Registration no. of the Veterinary Surgeon | Number of Assenting Votes | |
|---|---|---|---|---|
| | | | In number | In letter |
| 1 | 2 | 3 | 4 | 5 |
| | | | | |

I hereby certify that the above facts are correct.

Myanmar Veterinary Council Member

Election Board

Date……………….

**ပုံစံ(၅)**

**(   ) အကြိမ် တိရစ္ဆာန်ဆေးပညာကောင်စီဝင်များ၏ အမည်စာရင်း**

**(နည်းဥပဒေ၁၅)**

| စဉ် | အမည်၊ ရာထူး၊ အလုပ်အကိုင်၊ တိရစ္ဆာန် ဆေးကုဆရာဝန် မှတ်ပုံတင်အမှတ် | ခန့်ထားခြင်း/ ရွေးကောက်တင်မြှောက်ခြင်း | ရာထူးသက်တမ်း အစပြုသည့်ရက်စွဲ | ရာထူးသက်တမ်း ကုန်ဆုံးသည့်ရက်စွဲ | မှတ်ချက် |
|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| | | | | | |

အတွင်းရေးမှူး

တိရစ္ဆာန်ဆေးပညာကောင်စီ

ရက်စွဲ၊----------

**Form (5)**

**The name list of Myanmar Veterinary Council Members for (   ) term**

**(Rule–15)**

| No. | Name, Occupation, Registration No. of the Veterinary Surgeon | Appointment/ Election | The commencement date of tenure of the Office | The expiry date of the tenure of the Office | Remark |
|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 |
| | | | | | |

Secretary

Myanmar Veterinary Council

Date…………

**ပုံစံ(၆)**

**မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ**

**မှတ်ပုံတင်ရန်လျှောက်လွှာ**

(ဥပဒေပုဒ်မ ၁၁၊ နည်းဥပဒေ၃၃)

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ
ရန်ကုန်မြို့။

အကြောင်းအရာ။ ။ **မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားခြင်း။**

၁။ အမည်(မြန်မာ၊ အင်္ဂလိပ်)-----------------------------------------------------------------

၂။ အသက်(မွေးသက္ကရာဇ်)-----------------------------------------------------------------

၃။ အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊---------------------------------

၄။ လူမျိုး-------------------------------ကိုးကွယ်သည့်ဘာသာ-----------------------------------

၅။ အဖအမည်-------------------------------------မှတ်ပုံတင်အမှတ်-----------------------------

၆။ အမိအမည်-------------------------------------မှတ်ပုံတင်အမှတ်-----------------------------

၇။ ပညာအရည်အချင်း၊-----------------------------------------------------------------

၈။ အောင်မြင်သည့်ခုနှစ်၊ လ၊-----------------------------------------------------------------

၉။ တက်ရောက်ခဲ့သည့်တက္ကသိုလ်-----------------------------------------------------------------

၁၀။ အခြားအောင်မြင်ခဲ့သည့်ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ၊---------------------------------------------------
အောင်လက်မှတ်များရှိက ဖော်ပြရန်-----------------------------------------------------------

၁၁။ အလုပ်အကိုင်၊-----------------------------------------------------------------

၁၂။ နေရပ်လိပ်စာ၊-----------------------------------------------------------------
-----------------------------------------------------------------

ဤလျှောက်လွှာနှင့်အတူ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်(မူရင်း)ပူးတွဲ၍ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားအပ်ပါသည်။

ကျွန်တော်/ ကျွန်မသည် မှတ်ပုံတင်ခွင့်ရရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် တာဝန်ရှိသည့်အတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟု ကတိပြုပါသည်။
အထက်ဖော်ပြပါ အကြောင်းအရာများအားလုံး မှန်ကန်ကြောင်းဝန်ခံပါသည်။

လက်မှတ်၊-----------------------------------

အမည်၊---------------------------------------

ရက်စွဲ၊---------------------------------------

**Form (6)**

**Myanmar Veterinary Council**

**Registration Form**

**(Rule–33, Section 11 of the Law)**

To

Chairman

Myanmar Veterinary Council

Yangon

Subject: **Application to Permit Registration**

1. Name (Myanmar, English) …………………………………………………………………...
2. Age (Date of Birth) …………………………………………………………………………...
3. National Identity Card No./ Citizenship Scrutiny Card No.………………………………...
4. Race ……………………… Religion.………………………………………………………........
5. Father's Name…………………… Identity No.………………………………………………..
6. Mother's Name……………………Identity No.………………………………………………..
7. Educational Qualification……………………………………………………………………..
8. Graduation year, month.……………………………………………………………...........
9. Attended University …………….…………………………………………………………….
10. To describe if there are any other bachelor, degree, diploma, certificates………………..
11. Occupation.……………………………………………………………………………………...
12. Address.………………………………………………………………………………………….

I apply for the permission to register by submitting this application together with the original documents of Bachelor, Degree, Diploma or the Completion Certificate.

When the registration is permitted, I acknowledge that I will comply with the obligations under the existing Law, Rules and Procedures.

I hereby acknowledge that the above–mentioned information is correct.

Signature…………………..

Name………………………

Date…………………..

## ပုံစံ (၇)

## မြန်မာနိုင်ငံ တိုင်းရင်းဆေးပညာကောင်စီ

## တိုင်းရင်းဆေးကု ဆရာဝန်မှတ်ပုံတင်စာရင်း

## (နည်းဥပဒေ၃၅၊ နည်းဥပဒေခွဲ (ခ))

| စဉ် | မှတ်ပုံတင် အမှတ် | မှတ်ပုံတင် ရက်စွဲ | အမည် | အသက် (မွေးသက္ကရာဇ်) | အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | လူမျိုး ဘာသာ | အဖ အမည် | ပညာ အရည်အချင်း | အောင်မြင်သည့် ခုနှစ် ၊လ | တက်ရောက်ခဲ့သည့် တက္ကသိုလ် | အလုပ် အကိုင် | နေရပ် လိပ်စာ | မှတ် ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | | | | | | | | | | |



မှတ်ပုံတင်အရာရှိ

မြန်မာနိုင်ငံတိုင်းရင်း ဆေးပညာကောင်စီ

## Form (7)

## Myanmar Veterinary Council

## Register of Veterinary Surgeon

## (Sub–rule (b) of Rule 35)

| Sr. No. | Registration Number | Registration Date | Name | Age (Date of Birth) | National Identity Card No./ Citizenship Scrutiny Card No. | Race, Religion | Father's Name | Educational Qualification | Graduation Year, Month | Attended University | Occupation | Address | Remark |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 | 13 | 14 |
| | | | | | | | | | | | | | |

Registration Officer

Myanmar Veterinary Council

**ပုံစံ (၈)**

**မြန်မာနိုင်ငံတိုင်းရင်းဆေးပညာကောင်စီ**

**တိုင်းရင်း ဆေးကုဆရာဝန် မှတ်ပုံတင်လက်မှတ်**

(ဥပဒေပုဒ်မ၁၂ (ဂ)၊ နည်းဥပဒေ ၃၅၊ နည်းဥပဒေခွဲ(ဃ))

ဓါတ်ပုံ

မှတ်ပုံတင်အမှတ်၊---------------------------

မှတ်ပုံတင်သည့်ရက်စွဲ၊------------------------

သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊----------------

| အမည်နှင့်အမျိုးသား<br>မှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေး<br>ကတ်ပြားအမှတ် | နေရပ်လိပ်စာ | ဘွဲ့ အရည်အချင်းများနှင့်<br>ထိုဘွဲ့အရည်အချင်းများ ရရှိသည့်ရက်စွဲ |
|---|---|---|
| | | |

ကောင်စီရုံးတံဆိပ်

မှတ်ပုံတင်အရာရှိ ဥက္ကဋ္ဌ

မှတ်ချက်။ (၁) တိုင်းရင်းဆေးကုဆရာဝန် အသီးသီးသည် အမည်နှင့်နေရပ်လိပ်စာများ ပြောင်းလဲပါက မှတ်ပုံတင် အရာရှိထံ ချက်ချင်း အကြောင်းကြားရမည်။

(၂) မှတ်ပုံတင်ပြီးသည့်နောက်မှ ထပ်မံရရှိသော ပညာအရည်အချင်း အသီးသီးကို မှတ်ပုံတင်စာရင်းတွင် ဖြည့်သွင်းရန် နည်းဥပဒေ ၄၆နှင့်အညီ ဆောင်ရွက်ရမည်။

(၃) မှတ်ပုံတင်လက်မှတ်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ နည်းဥပဒေ ၄၁ နှင့် အညီဆောင်ရွက်ရမည်။

**Form (8)**

**Myanmar Veterinary Council**

**Registration Certificate of Veterinary Surgeon**

**(Sub–rule (d) of Rule 35, Section 12(c) of the Law)**

| Photo |
|---|
| |

Registration Number…………………….

Registration Date………………………..

Expiry Date……………………………...….

| Name and National Identity Card No./ Citizenship Scrutiny Card No. | Address | Degree qualifications and dates of receiving such Degree qualifications |
|---|---|---|
| | | |

Seal of Council Office

Registration Officer                                        Chairman

Note. (1) Every Veterinary Surgeon shall immediately notify the Registration Officer of the changes if the name and address are changed.

(2) Veterinary Surgeon shall comply with Rule 46 to record educational qualifications which are obtained after the registration.

(3) Veterinary Surgeon shall comply with Rule 41 for the renewal of the Registration Certificate 60 days prior to the expiry date.

**ပုံစံ(၈) ကျောဘက်**

**မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ**

**မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခြင်း**

(ဥပဒေပုဒ်မ ၁၃၊ နည်းဥပဒေ၄၂)

| စဉ် | သက်တမ်းတိုးမြှင့်သည့် ရက်စွဲ | အတည်ဖြစ်သည့်ကာလ ကုန်ဆုံးသည့် ရက်စွဲ | မှတ်ပုံတင်အရာရှိ လက်မှတ် |
|---|---|---|---|
| | | | |

**Back of Form (8)**

**Myanmar Veterinary Council**

**Renewal of Registration Certificate**

**(Rule 42, Section 13 of the Law)**

| Sr. No. | Date of renewal of the term | Expiry Date of the Valid period | Signature of Registration Officer |
|---|---|---|---|
| | | | |

**ပုံစံ(၉)**

**မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ**

**မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ**

(ဥပဒေပုဒ်မ၁၃(က)၊ နည်းဥပဒေ၄၁၊ နည်းဥပဒေ၄၂(က))

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ

ရန်ကုန်မြို့။

အကြောင်းအရာ။ ။ **မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားခြင်း။**

ကျွန်တော်/ ကျွန်မ၊ ဦး/ ဒေါ်----------------အား၊ မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီမှ-------------------------ရက်စွဲဖြင့် မှတ်ပုံတင်လက်မှတ်အမှတ်----------------ကိုထုတ်ပေးခဲ့ရာ၊------------------------------ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသဖြင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့် ပေးပါရန် မှတ်ပုံတင်လက်မှတ်ပုံစံ (၈) ပူးတွဲ၍ လျှောက်ထားအပ်ပါသည်။

လက်မှတ်------------------------------------------

အမည်---------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/--------------------------

နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊--------------------

နေရပ်လိပ်စာ၊----------------------------------------

---------------------------------------

ရက်စွဲ၊--------------------------

**Form (9)**

**Myanmar Veterinary Council**

**Application Form for the renewal of Registration Certificate**

**(Sub-rule (a) of Rule 41, Section 13(a) of the Law)**

To

Chairman

Myanmar Veterinary Council

Yangon

Subject: **Application for the renewal of the Registration Certificate**

I, Mr/Ms……………., is issued the Registration Certificate by the Myanmar Veterinary Council dated………………. and the term of the Registration Certificate will be expired on…………… Therefore, I would like to apply for the renewal of the Registration Certificate together with the Form (8).

Signature…………………………………………………

Name……………………………………………………….

National Identity Card No./………………………….

Citizenship Scrutiny Card No………………………..

Address……………………………………………………

Date……………………..

**ပုံစံ(၁၀)**

**မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ**

**ခွင့်ပြုလက်မှတ်ထုတ်ပေးရန် လျှောက်လွှာ**

(ဥပဒေပုဒ်မ ၂၀၊ နည်းဥပဒေ၄၉)

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ
ရန်ကုန်မြို့။

အကြောင်းအရာ။ ။တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်ခွင့် ရရှိရန် ခွင့်ပြုလက်မှတ် လျှောက်ထားခြင်း။

၁။ အမည်(မြန်မာ၊ အင်္ဂလိပ်)------------------------------------------------------------------------------------

၂။ အသက်(မွေးသက္ကရာဇ်)-----------------------------------------------------------------------------------

၃။ အမျိုးသားမှတ်ပုံတင်အမှတ်/ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊-------------------------------------------

၄။ လူမျိုး-----------------------------------------------------ကိုးကွယ်သည့်ဘာသာ----------------------------

၅။ အဖအမည်--------------------------------------------မှတ်ပုံတင်အမှတ်--------------------------------

၆။ အမိအမည်--------------------------------------------မှတ်ပုံတင်အမှတ်-----------------------------------

၇။ ပညာအရည်အချင်း၊------------------------------------------------------------------------------------

၈။ အောင်မြင်သည့်ခုနှစ်၊ လ၊-------------------------------------------------------------------------------

၉။ တက်ရောက်ခဲ့သည့် တက္ကသိုလ်
ကောလိပ်၊ကျောင်း၊သင်တန်း-------------------------------------------------------------------------------

၁၀။ အခြားအောင်မြင်ခဲ့သည့် ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ၊---------------------------------------------------------------

၁၁။ အလုပ်အကိုင်၊------------------------------------------------------------------------------------------

၁၂။ နေရပ်လိပ်စာ၊-------------------------------------------------------------------------------------------

ဤလျှောက်လွှာနှင့်အတူ ဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာ သို့မဟုတ် အောင်လက်မှတ်(မူရင်း) ပူးတွဲ၍ ခွင့်ပြုလက်မှတ် ထုတ်ပေးရန် လျှောက်ထားအပ်ပါသည်။

ကျွန်တော်/ ကျွန်မသည် ခွင့်ပြုလက်မှတ်ရရှိပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်တာဝန်ရှိသည့်အတိုင်း လိုက်နာဆောင်ရွက်ပါမည်ဟု ကတိပြုပါ သည်။

အထက်ဖော်ပြပါအကြောင်းအရာများအားလုံး မှန်ကန်ကြောင်းဝန်ခံပါသည်။

| ထောက်ခံသူ | လျှောက်ထားသူ |
|---|---|
| ၁။ လက်မှတ်၊------------------------------------- | လက်မှတ်၊------------------------------ |
| အမည်၊------------------------------------------- | အမည်၊--------------------------------- |
| "တဆမ"မှတ်ပုံတင်အမှတ်------------------ | |
| ၂။ လက်မှတ်၊------------------------------------- | |
| အမည်၊------------------------------------------- | |
| "တဆမ"မှတ်ပုံတင်အမှတ်------------------ | |

ရက်စွဲ၊---------------------

**Form (10)**

**Myanmar Veterinary Council**

**Application for Permit**

**(Rule 49, Section 20 of the Law)**

To

Chairman

Myanmar Veterinary Council

Yangon

Subject: **Application for Permit for Veterinary Auxiliary**

1. Name (Myanmar, English)………………………………………………………………………….
2. Age (Date of Birth)…………………………………………………………………………………..
3. National Identity Card No./ Citizenship Scrutiny Card No………………………………………..
4. Race ……………………. ……………Religion………………………………………………..
5. Father's Name……………………………… Identity No……………………………………….
6. Mother's Name……………………………….Identity No……………………………………….
7. Educational Qualification…………………………………………………………………………..
8. Graduation year, month……………………………………………………………………………
9. University, College, School, Training where attended…………………………………………..
10. To describe if there are any other bachelor, degree, diploma……………………………….....
11. Occupation…………………………………………………………………………………………
12. Address………………………………………………………………………………………………..

I apply for permit by submitting this application attached with the original documents of Bachelor, Degree, Diploma or the Completion Certificate.

When permit is issued, I acknowledge that I will comply with the obligations under the existing Law, Rules and Procedures.

I hereby acknowledge that the above–mentioned information is correct.

Signature…………………….

Name………………………..

Endorsed by:

1. Signature……………………………………….
   Name…………………………………………
   "TaSaMa" Registration No…………………..
2. Signature……………………………………….
   Name…………………………………………
   "TaSaMa" Registration No…………………..

Date………………………………

**ပုံစံ(၁၁)**

**မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ**

**ခွင့်ပြုလက်မှတ် မှတ်တမ်းစာအုပ်**

**(နည်းဥပဒေ၅၁၊ နည်းဥပဒေခွဲ(ခ))**

| စဉ် | ခွင့်ပြုလက်မှတ်အမှတ် | ထုတ်ပေးသည့်ရက်စွဲ | အမည် | အသက်(မွေးသက္ကရာဇ်) | အမျိုးသားမှတ်ပုံတင်အမှတ်/နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် | လူမျိုးဘာသာ | အဖအမည် | ပညာအရည်အချင်း | အောင်မြင်သည့် ခုနှစ် ၊လ | တက်ရောက်ခဲ့သည့်တက္ကသိုလ် | အလုပ်အကိုင် | နေရပ်လိပ်စာ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ |
| | | | | | | | | | | | | | |

မှတ်ပုံတင်အရာရှိ
မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ

**Form (11)**

**Myanmar Veterinary Council**

**Permit Register**

**(Sub–rule (b) of Rule 51)**

| Sr. No. | Permit Number | Issuing Date | Name | Age (Date of Birth) | National Identity Card No./ Citizen –ship Scrutiny Card No. | Race, Religion | Father's Name | Educational Qualification | Graduation Year, Month | Attended University, College, Training | Occupation | Address | Remark |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 | 13 | 14 |
| | | | | | | | | | | | | | |

Registration Officer

Myanmar Veterinary Council

ပုံစံ(၁၂)

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ

တိရစ္ဆာန် ဆေးပညာဆိုင်ရာ အတတ်ပညာတစ်ရပ်ရပ်ကို အသုံးချ

လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုလက်မှတ်

(ဥပဒေပုဒ်မ ၂၀၊ နည်းဥပဒေ ၅၁၊ နည်းဥပဒေခွဲ(ဃ))

| ဓါတ်ပုံ |
|---|

ခွင့်ပြုလက်မှတ်အမှတ်၊-------------------------------------

ထုတ်ပေးသည့်ရက်စွဲ၊---------------------------------------

သက်တမ်းကုန်ဆုံးသည့်ရက်စွဲ၊--------------------------

အသုံးချလုပ်ကိုင်ခွင့်ပြုသည့် တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ၊-------------------------

| အမည်နှင့်<br>အမျိုးသားမှတ်ပုံတင်အမှတ်/<br>နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် | နေရပ်လိပ်စာ | ပညာအရည်အချင်းများနှင့်<br>ရရှိသည့် ရက်စွဲ |
|---|---|---|
| | | |

ကောင်စီရုံးတံဆိပ်

မှတ်ပုံတင်အရာရှိ

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ

မှတ်ချက်။

(၁) ခွင့်ပြုလက်မှတ်ရရှိသူသည် တိရစ္ဆာန်ဆေးပညာကောင်စီက သတ်မှတ်သည့် စည်းကမ်းချက်များနှင့်အညီ တိရစ္ဆာန်ဆေးပညာဆိုင်ရာ အတတ်ပညာ တစ်ရပ်ရပ်ကို အသုံးချလုပ်ကိုင်ခွင့်ရှိသည်။

(၂) ခွင့်ပြုလက်မှတ်ရရှိသူသည် အမည်နှင့် နေရပ်လိပ်စာများ ပြောင်းလဲပါက မှတ်ပုံတင်အရာရှိထံ ချက်ချင်းအကြောင်းကြားရမည်။

(၃) ခွင့်ပြုလက်မှတ်သက်တမ်း တိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ ရက်ပေါင်း ၆၀ ကြိုတင်၍ နည်းဥပဒေ၅၅ နှင့်အညီ ဆောင်ရွက်ရမည်။

**Form (12)**

**Myanmar Veterinary Council**

**Permit for Veterinary Auxiliary**

**(Sub–rule (d) of Rule 51, Section 20 of the Law)**

| Photo |
|---|
| |

Permit Number……………………..

Issuing Date………………………..

Expiry Date………………………..

The branch of Veterinary Science being allowed……………………….

| Name and National Identity Card No./ Citizenship Scrutiny Card No. | Address | Educational qualifications and dates of receiving such qualifications |
|---|---|---|
| | | |

Seal of Council Office

Registration Officer Chairman

Note. (1) Permit Holder is entitled to exercise a branch of Veterinary Science in accordance with the stipulations as prescribed by the Veterinary Council.

(2) Permit Holder shall immediately notify the Registration Officer of the changes if the name and address are changed.

(3) Permit Holder shall comply 60 days prior to the expiry of the Permit with Rule 55 if he desires for the renewal of the Permit.

ပုံစံ(၁၂)ကျောဘက်

မြန်မာနိုင်ငံ တိရစ္ဆာန်ဆေးပညာကောင်စီ

ခွင့်ပြုလက်မှတ် သက်တမ်းတိုးမြှင့်ခြင်းများ

(နည်းဥပဒေ၅၆)

| စဉ် | သက်တမ်းတိုးမြှင့်သည့် ရက်စွဲ | အတည်ဖြစ်သည့်ကာလ ကုန်ဆုံးသည့် ရက်စွဲ | မှတ်ပုံတင်အရာရှိ လက်မှတ် |
|---|---|---|---|
| | | | |

**Back of Form (12)**

**Myanmar Veterinary Council**

**Renewal of Permit**

**(Rule 56)**

| Sr. No. | Date of renewal of the term | Expiry Date of the Valid period | Signature of Registration Officer |
|---|---|---|---|
| | | | |

ပုံစံ(၁၃)

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ

ခွင့်ပြုလက်မှတ်သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာ

( နည်းဥပဒေ ၅၅၊ နည်းဥပဒေခွဲ(က))

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီ

ရန်ကုန်မြို့။

အကြောင်းအရာ။ ခွင့်ပြုလက်မှတ်သက်တမ်းတိုးမြှင့်ရန် လျှောက်ထားခြင်း။

ကျွန်တော်/ကျွန်မ၊ ဦး/ဒေါ် ------------------------------- အား၊ မြန်မာနိုင်ငံတိရစ္ဆာန်ဆေးပညာကောင်စီမှ --------------------- ရက်စွဲဖြင့် ခွင့်ပြုလက်မှတ်အမှတ် ------------------------------- ကို ထုတ်ပေးခဲ့ရာ၊-------------------------ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသဖြင့် ခွင့်ပြုလက်မှတ်သက်တမ်းတိုးမြှင့်ပေးပါရန် ခွင့်ပြုလက်မှတ်ပုံစံ (၁၂) ပူးတွဲ၍ လျှောက်ထားအပ်ပါသည်။

လက်မှတ် ----------------------------------------

အမည် -------------------------------------------

အမျိုးသားမှတ်ပုံတင်အမှတ်/------------------------

နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊-----------------

နေရပ်လိပ်စာ၊-------------------------------------

-------------------------------------

ရက်စွဲ၊ -------------------------------

**Form (13)**

**Myanmar Veterinary Council**

**Application Form for renewal of Permit**

**(Sub–rule (a) of Rule 55)**

To

Chairman

Myanmar Veterinary Council

Yangon

Subject: **Application for the renewal of the Permit**

I, Mr/Ms ……………., is issued the Permit by the Myanmar Veterinary Council dated………………. and the term of the Permit will be expired on…………… Therefore, I would like to apply for the renewal of the Permit together with the Form (12).

Signature…………………………….

Name………………………………..

National Identity Card No./ Citizenship

Scrutiny Card No…………………..

Address……………………………

Date………………..